ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့၊ (24-2-2006) (၄၈၈၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ ကျင်းပ
နိုင်ငံခြားသံရုံးများမှ သံတမန်အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A. Gomez တို့ ဦးဆောင်သော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို) အမှုဆောင်ကော်မတီဝင် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) ဦးဆောင်သော ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၊ ပြည်တွင်း ဂျာနယ်မဂ္ဂဇင်းတို့မှ အယ်ဒီတာချုပ်များ၊ သတင်းတာဝန်ခံများသည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)သို့ တက်ရောက်ကြပြီးနောက် မွန်းလွဲပိုင်းတွင် လားရှိုးမြို့ ရန်အောင်မြင်တပ်ဦးစေတီအနီး မျိုးသန့်မျိုးပွားစံပြဧက ၁၀၀ စိုက်ခင်း၌ ကျင်းပသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

သံတမန်အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မျိုးသန့်မျိုးပွား မြေဧက ၁၀၀ စိုက်ခင်းသို့ မွန်းလွဲ ၁ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ *

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဧည့်သည်တော်များ ကြက်ဆူဆီသုံး မီးဖို၊ ဆီမီးခွက်၊ ကြက်ဆူစေ့အခြောက်၊ ကြက်ဆူသီးအစိမ်းတို့ကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mme Phoebe A. Gomez ဦးဆောင်သော ဧည့်သည်တော်များ မျိုးသန့်မျိုးပွား စံပြဧက ၁၀၀ စိုက်ခင်း၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

မျိုးသန့်မျိုးပွား စံပြဧက ၁၀၀ စိုက်ခင်းတွင် နာနတ်ပင် ၅၀၀၀၀၊ ခြံစည်းရိုးကြက်ဆူမျိုးကိုင်းအပင် ၅၀၀၀၀၊ လိုင်ချီးအပင် ၁၀၀၀၀၊ ပျားလိမ္မော်အပင်၁၈၀၀ စိုက်ပျိုးထား။

တောင်သူများ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများအား ဖြန့်ဖြူးနိုင်ရန် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့ နှစ်သန်းလေးသောင်း၊ ကြက်ဆူပင်မျိုးကိုင်း တစ်သိန်း နှစ်သောင်း ပျိုးထောင်ထား။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၄-၂-၂၀၀၆
(သောကြာနေ့)

နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များ တွန်းလှန်ချေမှုန်းဖယ်ရှား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)ကို ဖေဖော်ဝါရီလ ၂၁ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် SSA (တောင်ပိုင်း)သောင်းကျန်းသူတစ်ဖြစ်လဲ ABSDF သောင်းကျန်းသူ သံချောင်း(ခေါ်)မြင့်စိုး(ခေါ်)စဝ်ခွန်ကျော်၏ လူသားအချင်းချင်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့သည့် ရာဇဝတ်မှုများ၊ ABSDF သောင်းကျန်းသူအဖွဲ့၏ နိုင်ငံနှင့်ပြည်သူလူထုအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များနှင့်စပ်လျဉ်း၍ အထောက်အထားခိုင်ခိုင်လုံလုံဖြင့် အကျယ်တဝင့်ရှင်းလင်းပြောကြားသွားသည်။

ယနေ့ကာလသည် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိနေချိန်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ဦးထမ်းပဲ့ထမ်းကြိုးပမ်းတည်ဆောက်လျက်ရှိရာ နိုင်ငံတော်တွင် အဘက်ဘက်က အောင်မြင်တိုးတက်မှုရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

သို့ရာတွင် ပြည်တွင်း၊ ပြည်ပအဆိုးမြင်ဝါဒီများက နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းနေမှု၊ တပ်မတော်အစိုးရ၏ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်နိုင်ရေး အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ဖော်ဆောင်ပေးနေမှုတို့ကို လျစ်လျူရှုပြီး နိုင်ငံတော်တည်ငြိမ်မှုပျက်ပြားစေရန် နည်းလမ်းအမျိုးမျိုးဖြင့် သွေးထိုးမြှောက်ပင့်နှောင့်ယှက်လျက်ရှိသည်။ ထိုမှုမက အကြမ်းဖက်အဖျက်သမားအဖွဲ့များကလည်း ပြည်ပအင်အားကြီးနိုင်ငံအချို့၏ ငွေကြေးအထောက်အပံ့ကိုရယူပြီး မြေပေါ်မြေအောက်တိုက်ခိုက်ရေး အစီအမံများကို လုပ်ဆောင်လျက်ရှိကြသည်။

အဆိုပါ အကြမ်းဖက်အဖျက်သမားအဖွဲ့များအနက် ABSDF သောင်းကျန်းသူအဖွဲ့သည် နိုင်ငံတော်အစိုးရအား အကြမ်းဖက်နည်းအပါအဝင် လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်ရန်၊ ပြည်တွင်း၊ ပြည်ပရှိဆန့်ကျင်ဘက်အဖွဲ့များ၊ အခြားသောင်းကျန်းသူများနှင့် အတိုင်အဖောက်ညီညီတိုက်ပွဲဝင်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

သတင်းစာရှင်းလင်းပွဲမှ ရှင်းလင်းတင်ပြချက်များအရ ABSDF နှင့် NLD-LA တို့သည် အခြားသောသောင်းကျန်းသူအဖွဲ့များနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံနှင့် တိုင်းရင်းသားပြည်သူများအပေါ် အကြမ်းဖက်အဖျက်လုပ်ရပ်များကို ရက်ရက်စက်စက် လက်ရဲဇက်ရဲ ကျူးလွန်နေသည့် အကြမ်းဖက်အဖျက်သမားများဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိသည်။

SSA(တောင်ပိုင်း) သောင်းကျန်းသူ တစ်ဖြစ်လဲ ABSDF (မြောက်ပိုင်း) သောင်းကျန်းသူအဖွဲ့၏ စစ်ရေးတာဝန်ခံ သံချောင်း(ခေါ်) မြင့်စိုး(ခေါ်) စဝ်ခွန်ကျော်သည်လည်း ပြည်တွင်းသောင်းကျန်းမှုသမိုင်းတွင် လူသတ်မှုများစွာ ကျူးလွန်ခဲ့သူ ရာဇဝတ်ကောင်တစ်ဦးအဖြစ် နာမည်ဆိုးတွင်ကျန်ရစ်သူဖြစ်သည်။ ၎င်းကိုယ်တိုင်သော်လည်းကောင်း၊ အဖွဲ့လိုက် သော်လည်းကောင်း ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးခဲ့ရသူ ၁၃ ဦးနှင့် လူမဆန်စွာ ရက်ရက်စက်စက် အသတ်ခံခဲ့ရသူ ၁၉ ဦးတို့၏ ဖြစ်ရပ်များက သံချောင်း(ခေါ်) မြင့်စိုးအား အကြမ်းဖက်အဖျက်သမားဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။

အကြမ်းဖက်အဖျက်သမားများအနေဖြင့် နယ်စပ်ဒေသနှင့် ကျေးလက်တောရွာများမှသည် မြို့ကြီးပြကြီးပါမကျန် မငြိမ်မသက်မှုများ ဖြစ်ပေါ်စေရန် ဖန်တီးလုပ်ဆောင်လျက်ရှိသည်။ ထိုမျှမက အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် သေကျေပျက်စီးဆုံးရှုံးသည်အထိ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များကိုလည်း ကျူးလွန်လျက်ရှိသည်။

ပြည်ပဆရာကြီးများနှင့် ပြည်တွင်း၊ ပြည်ပအကြမ်းဖက်သမားများက မြေပေါ်မြေအောက် ပြည်ပြေး တိုက်ကွက်နည်းလမ်းများ ကျင့်သုံး၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် မည်သို့ပင် ဖန်တီးလုပ်ဆောင်နေကြစေကာမူ ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် အဖျက်သမားများ၏ အန္တရာယ်ဟူသမျှကို ဖော်ထုတ်သွားကြမည်သာ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်ဟူသည့် ပြည်တွင်းအင်အားစုကြီးသုံးရပ်၏ ခိုင်မာမြဲမြံသော စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ထာဝစဉ်ကာကွယ်စောင့်ရှောက်ရင်း ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်သမားအဖွဲ့များနှင့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို တွန်းလှန်ချေမှုန်း ဖယ်ရှားသွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၏ (၁၄၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်မုခ်ဦး၌ကျင်းပရာ ရှေးဦးစွာ စေတီတော် အလှည့်ကျဂေါပကအဖွဲ့ သဘာပတိ ဦးအေးကိုက ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်း၊ စေတီတော်အလှည့်ကျ ဂေါပကအဖွဲ့ သဘာပတိ ဦးအေးကိုနှင့် အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးကျော်ညွှန့်တို့က (၁၄၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၏ (၁၄၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၂၆ရက် ညနေ ၄နာရီတွင် စေတီတော်ရင်ပြင်၌ ကျင်းပမည်ဖြစ်ပြီး အလှူရှင်များအနေဖြင့် ရင်ပြင်တော်ရှိ သာသနိကအဆောက်အအုံများ၊ သမိုင်းပြတိုက်နှင့် အောင်မြေတန်ဆောင်း၊ တောင်ဘက်မုခ်ဦး တည်ဆောက်ရန်အတွက်လည်းကောင်း၊ ပွဲတော်ကာလအတွင်း ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စများအတွက်လည်းကောင်း လှူဒါန်းလိုပါက စေတီတော် ဂေါပကအဖွဲ့ ဖုန်း-၆၆၀၀၀၆သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းအား ယင်းဝန်ကြီးဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှော်ကား)ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ဌာန
(က) ဗိုလ်မှူးကြီးအေးလွင် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အမှတ်(၂) အခြေခံပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ခ) ဗိုလ်မှူးကြီးအုန်းမြင့် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန ပညာရေးဝန်ကြီးဌာန

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် (၁၄၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက်ကကျင်းပရာ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်း၊ စေတီတော် အလှည့်ကျဂေါပကအဖွဲ့ သဘာပတိ ဦးအေးကိုနှင့် အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးကျော်ညွှန့်တို့ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဓမ္မဒူတတောရ တတိယအကြိမ် တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဟံသာဝတီဂေါက်ကွင်းအနီးရှိ ဓမ္မဒူတ သာသနာ့ရိပ်သာတွင် တတိယအကြိမ် တရားစခန်းကို မတ် ၁ရက်မှ ၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ ဓမ္မဒူတ တောရဆရာတော် ဒေါက်တာ အရှင်ပညိသာရကတရားပြသဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဖေဖော်ဝါရီ ၂၇ရက် နောက်ဆုံးထား၍ ဖုန်း-၀၉ ၅၀၀ ၃၇၀၅ သို့ စာရင်းပေးသွင်းနိုင်သည်။

(က-ပ)

တာမွေမြို့နယ် ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်းနေ ဦးမြင့်ဆွေ - ဒေါ်ညွှန့်ညွှန့်ဆွေ မိသားစုက ဗဟန်းမြို့နယ် ဝိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့၊ တွဲဖက် အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း) လက်ခံယူစဉ်။

(က-ပ)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီ အစည်းအဝေး(၂/၂၀၀၆)ကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဗဟိုအမှုဆောင် ကော်မတီ အစည်းအဝေး (၁/၂၀၀၆)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက် ပြီးစီးမှုကို တင်ပြသည်။

ယင်းနောက် ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေးလှေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့နှင့် ထုတ်ဝေသူ မှတ်ပုံတင်စိစစ်ရေး အဖွဲ့တို့၏ အဖွဲ့ခေါင်းဆောင်များက အဖွဲ့လုပ်ငန်းဆောင်ရွက်ထားမှုများကို တင်ပြကြသည်။

ဆက်လက်၍ ဗဟိုအမှုဆောင်ကော်မတီဝင်များက မတ်လအတွင်း ကမ္ဘာ့မှုပိုင်ခွင့် အဖွဲ့ချုပ်၏ အကူအညီဖြင့် နှီးနှောဖလှယ်ပွဲတစ်ရပ် ကျင်းပရန်ကိစ္စ၊ ၂၀၀၆ ခုနှစ်အတွင်း စတုတ္ထအကြိမ် စာပေညီလာခံ ကျင်းပနိုင်ရေးအတွက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များ၏ မျက်နှာစုံညီအစည်းအဝေးပွဲများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရန် နှီးဆော်ရေးကိစ္စတို့ကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း



ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ် (၆၀) ပြည့်နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသွင်သဏ္ဍာန်ရော အနှစ်သာရပါ တိုးတက်အောင်ဆောင်ရွက် နားထောင်သူ၊ ကြည့်သူတို့၏စိတ်နှလုံးကို သိမ်းကျုံးဆွဲယူနိုင်ရန်ကြိုးပမ်း လုပ်ငန်းဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွားဘက်က ရပ်တည်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ် (၆၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို (အေ)ခန်းမဥ္စကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး နိုင်ငံတော်ကချီးမြှင့်သည့် ထူးချွန်ဆုတံဆိပ်နှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိကြသူများအား ဆုများချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးများ၊

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၆၀) ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန် ထူးချွန်ဆုရရှိသူ ဝန်ထမ်းတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းများတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ် (၆၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ် (၆၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ရည်ရွယ်ချက် နှစ်ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပထမရည်ရွယ်ချက်မှာ ပြီးခဲ့သည့်နှစ်အတွင်း မိမိတို့ကို ပေးအပ်သည့် ရည်မှန်းချက်တာဝန် မည်မျှအောင်မြင်အောင် ဆောင်ရွက်နိုင်သည်၊ အားသာချက်၊ အားနည်းချက် မည်သို့ရှိသည်တို့ကို ပြန်လည်သုံးသပ်ပြီး အားနည်းချက်များကို နည်းနိုင်သမျှ နည်းစေရန်၊ အားသာချက်များကို ပိုမိုတိုးတက်သည်ထက် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ဒုတိယရည်ရွယ်ချက်မှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိဝန်ထမ်းများသည် နိုင်ငံတော်နှင့် ဝန်ကြီးဌာနတို့၏ လုပ်ငန်းရည်မှန်းချက်တာဝန်များ အောင်မြင်ရေးကိုရှေးရှုကာ ကောင်းသောယှဉ်ပြိုင်မှုဖြင့် ကြိုးစားလုပ်ဆောင်လာကြစေရန်ဖြစ်ကြောင်း၊ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုထက်မြက်မြင့်မားလာစေရေး၊ အချင်းချင်း ပိုမိုစည်းလုံးညီညွတ်စွာ ဆောင်ရွက်လာစေရေးတို့အတွက် ဖြစ်ကြောင်း။

ဝန်ထမ်းအားလုံးအနေဖြင့် ယင်းရည်ရွယ်ချက်နှစ်ရပ်ကို လက်ကိုင်ထား၍ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်တို့ဖြင့် မိမိတို့အပေါ်ပေးအပ်ထားသော တာဝန်များကို ဝန်ထမ်းများလိုက်နာရန် အချက် (၁၄) ချက်နှင့်အညီ ကျေပွန်စွာ ထမ်းဆောင်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတိုင်းတွင် လူ့စွမ်းအား အရင်းအမြစ်များရှိရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် လိုကြောင်း၊ ထို့ကြောင့် ယခုထူးချွန်သူများအား ဆုများချီးမြှင့်ပြီး လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသော ဝန်ထမ်းတိုင်းက မိမိတို့ တစ်ကိုယ်ရည် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေနှင့် လုပ်ငန်းများကို အချိန်ကိုက်ပြီးအောင်၊ အချိန်မီပြီးအောင် ဆောင်ရွက်နေရသည်ဖြစ်ရာ လုပ်ငန်းကျယ်ပြန့်ပြီး တာဝန်ကြီးမားကြောင်း၊ မီဒီယာလုပ်ငန်း၏ သိမ်မွေ့သောတာဝန်များကို အခြေခံအားဖြင့် တာဝန်ကျေပွန်အောင် ဆောင်ရွက်ခဲ့သည့်အတွက် အသိအမှတ်ပြု ချီးကျူးပါကြောင်း၊ ယင်းသို့ အောင်မြင်ခဲ့သည်မှာ ဝန်ထမ်းများအားလုံးက ကြိုးပမ်းဆောင်ရွက်ခဲ့၍ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသွင်သဏ္ဍာန်ရော အနှစ်သာရပါ တိုးတက်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နားထောင်သူ၊ ကြည့်သူတို့၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲယူနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ အနှစ် (၆၀)ပြည့်ပြီဖြစ်ရာ အတွေ့အကြုံများ ရင့်ကျက်ပြီဖြစ်ကြောင်း၊ အမှားအမှန်များကို ဖြတ်သန်းခဲ့ရပြီး ဖြစ်ရာ အမှားများကင်းစင်အောင် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်မြင်သံကြားအနေဖြင့် အခြားနိုင်ငံများမှ ရုပ်မြင်သံကြားဌာနများ၏ အဆင့်အတန်းထက် မနိမ့်ကျဘဲ ရပ်တည်ရှင်သန်လာနိုင်သော အောင်မြင်မှုများရှိကြောင်း၊ ယခုထက် ပိုမို အောင်မြင်အောင် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း။

လုပ်ငန်းများအောင်မြင်အောင် မူဝါဒကိုထိန်းပြီး လွတ်လွတ်လပ်လပ် စိတ်ကိုစေစားကာ ဆန်းသစ်တီထွင်သွားကြရန် လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွားဘက်က ရပ်တည်ပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန၏ ၂၀၀၆-၂၀၀၇ ခုနှစ် ရည်မှန်းချက် တာဝန်များကို ပြောကြားလိုကြောင်း၊ ၎င်းရည်မှန်းချက်တာဝန်များမှာ နိုင်ငံတော်၏ မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် Media နည်းပညာဖြင့် အစွမ်းကုန် ပါဝင်ဆောင်ရွက်ရန်။

ရေဒီယိုထုတ်လွှင့်မှု တစ်နိုင်ငံလုံးသို့ အရည်အသွေးမီမီ ပျံ့နှံ့အောင် ဆောင်ရွက်သွားရန်၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုကိုလည်း တစ်နိုင်ငံလုံးက ကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်အောင် ဆောင်ရွက်သွားရန်၊ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်သွားရန်၊ Analague System မှ Digital System သို့ ပြောင်းလဲရေးအတွက် ယနေ့ဆောင်ရွက်နေသည့် DVB-T ကို တိုးချဲ့ပြီး တစ်နိုင်ငံလုံး Network နှင့် ချိတ်ဆက်ရန်၊ မိမိတို့၏ ရေဒီယို၊ ရုပ်မြင်သံကြား ပြည်ပသို့လွှင့်မှု၊ ပြည်ပသို့ ထိုးဖောက်နိုင်မှုတိုးချဲ့ရန်၊ ခြိုးခြံချွေတာရန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် ထူးချွန်ဆုတံဆိပ်နှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသူများအား ဆုများကို ချီးမြှင့်ရာ စက်မှုစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်)ရရှိသူ ဦးဝင်းသူ(ဒုတိယအင်ဂျင်နီယာချုပ်)၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်) ရရှိကြသော ဦးစိန်သောင် (အင်ဂျင်နီယာမှူး၊ ဇုန်နယ်မှူး-လားရှိုး)နှင့် ဦးလှသိန်း

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၆၀) ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံတော်က ချီးမြှင့်သည့် ထူးချွန်ဆုတံဆိပ်နှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိကြသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(အီလက်ထရွန်းနစ် ကျွမ်းကျင်(၁)၊ ရေကူးအသံလွှင့်စက်ရုံ)၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိသူများဖြစ်ကြသော ဦးအုန်းလွင် (ဒုတိယဦးစီးမှူး၊ မော်တော်ယာဉ်)၊ ဦးမြင့်ဦး (ညွှန်ကြားရေးမှူး၊ ရုပ်မြင်)၊ ဦးဝင်းကြည် (ညွှန်ကြားရေးမှူး၊ MRTV-3)၊ ဦးမောင်ဖေ (ဒုတိယညွှန်ကြားရေးမှူး-စီမံ)၊ ဦးမြင့်အောင် (ဒုတိယညွှန်ကြားရေးမှူး၊ ထုတ်လွှင့်/မှတ်တမ်း၊ MRTV-4)၊ ဒေါ်မေအေးကြွယ် (ဦးစီးအရာရှိ၊ ဒုတိယစီမံတာဝန်ခံ)နှင့် ဦးအုန်းမောင် (အီလက်ထရွန်းနစ် ကျွမ်းကျင်-၁) တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် ထူးချွန်သူ ခြောက်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် သတင်းစာပညာသင်တန်းတွင် ထူးချွန်သူ ခုနစ်ဦး၊ တပ်မတော်နေ့ စာပေပြိုင်ပွဲနှင့် အမျိုးသားရေးဆောင်ပုဒ်ဆု ပြိုင်ပွဲတို့တွင် ဆုရရှိကြသူနှစ်ဦးနှင့် ဒွါဒသမအကြိမ်နှင့် တေရသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူ ငါးဦးတို့အား ဆုများကိုချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးကဌာနခွဲအလိုက် စွမ်းဆောင်ဆု၊ နှစ်(၆၀)ပြည့် မြန်မာ့အသံမဂ္ဂဇင်းတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုစာမူများနှင့်ကာတွန်းပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ ဝန်ထမ်းများ၏ သားသမီးများ ပညာရည်ထူးချွန်ဆု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဆုရရှိကြသော ဝန်ထမ်းများ၏ သားသမီးများအား ဆုများနှင့် ဝန်ထမ်းဝတ်စုံစရိတ်များကို ချီးမြှင့်သည်။

ယင်းနောက် ထူးချွန်ဆုရရှိကြသော ဝန်ထမ်းများကိုယ်စား ဇုန်နယ်မှူး လားရှိုးအခြေစိုက်မှ အင်ဂျင်နီယာမှူး ဦးစိန်သောင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဝန်ထမ်းများအား ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကံစမ်းမဲဖောက်၍ ဆုများချီးမြှင့်ပြီး နှစ်ပတ်လည်နေ့ အခမ်းအနားကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမေရိကန်နိုင်ငံမှ အမဲသားတင်သွင်းမှုနှင့်ပတ်သက်သည့် အစီရင်ခံစာအပေါ် အချိန်ယူလေ့လာရမည်ဟု ဂျပန်အစိုးရပြောကြား

တိုကျို ဖေဖော်ဝါရီ ၂၂

ဂျပန်နိုင်ငံက ဝယ်ယူတင်သွင်းရန် ပိတ်ပင်ထားသည့် အမဲသားများကို ဂျပန်နိုင်ငံသို့ မည်သို့မည်ပုံတင်သွင်းခဲ့ကြောင်း ဖော်ပြထားသည့် အစီရင်ခံစာအပေါ် ဂျပန်အစိုးရက အမေရိကန်အစိုးရထံမှ သတင်းပြည့်ပြည့်စုံစုံရရှိရန် ကြိုးပမ်းဖွယ်ရှိကြောင်း ဂျပန်အစိုးရဌာန၏ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

ဂျပန်သို့လွန်ခဲ့သည့် သောကြာနေ့က တင်သွင်းသည့် အမေရိကန်၏အစီရင်ခံစာအပေါ်ဂျပန် အစိုးရက ပြည့်ပြည့်စုံစုံအကဲမဖြတ်ရသေးကြောင်း ဝန်ကြီးအဖွဲ့ အတွင်းရေးမှူးချုပ် ရှင်ဇိုအာဘေးက ပြောကြားသည်။

အမေရိကန်အစီရင်ခံစာ၏ အနှစ်သာရကို အကဲဖြတ်ချင့်ချိန်မှုမရှိသေးမီ ယင်းအစီရင်ခံစာကို ထဲထဲဝင်ဝင် လေ့လာလိုသေးသည်ဟု ၎င်းက သတင်းထောက်များသို့ ပြောကြားသည်။

အမေရိကန်အစိုးရ၏ အစီရင်ခံစာသည် ပြည့်စုံလုံလောက်မှုမရှိသေးဟု စိုက်ပျိုးရေးဝန်ကြီး နာကာဂါဝါက ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိကို ပြောကြားခဲ့ပြီးနောက် ဖော်ပြပါအတိုင်း ဝေဖန်ပြောကြားမှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်စိုက်ပျိုးရေး ဝန်ကြီးဌာနက အမဲသားတင်ပို့မှု မှားယွင်းမှုနှင့်စပ်လျဉ်း၍ သောကြာနေ့က အစီရင်ခံစာတစ်ရပ်ထုတ်ပြန်ခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် အမေရိကန်ထံမှ အမဲသား ဝယ်ယူတင်သွင်းမှုကို ဇန်နဝါရီ ၂၀ရက်က ရပ်ဆိုင်းထားခဲ့သည်။

နွားရူးရောဂါ အန္တရာယ်နှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်ကာ ဂျပန်က အမေရိကန်နိုင်ငံမှ အမဲသား ဝယ်ယူ တင်သွင်းခဲ့မှုကို နှစ်နှစ်ကြာ ပိတ်ပင်ပြီးသည့်နောက် ပြန်ဖွင့်ပေးပြီး တစ်လအကြာတွင် ထပ်မံရပ်ဆိုင်းထားလိုက်ခြင်းဖြစ်သည်။

အမေရိကန်၏အစီရင်ခံစာကို ဂျပန်အစိုးရက အချိန်ယူလေ့လာ အကဲဖြတ်ရဦးမည်ဖြစ်ကြောင်း၊ အကဲဖြတ်ကာလအပေါ် ရက်သတ်မှတ်ချက်မရှိသေးကြောင်း ဂျပန်ဒုတိယစိုက်ပျိုးရေးဝန်ကြီး အစ်ရှီ ဟာရာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်မှ တင်သွင်းသော အမဲသားများအား ဂျပန် အကောက်ခွန်ဌာနက စစ်ဆေးနေသည်ကို ဖေဖော်ဝါရီ ၁၉ ရက်တွင် တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံခြား သတင်းများ

အမျိုးသားမော်ကွန်းတိုက်မှ သမိုင်းဝင်မှတ်တမ်းများ ကန်ထောက်လှမ်းရေးအဖွဲ့ လျှို့ဝှက်ဖယ်ရှားနေဟုဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၂၂

အနှစ်နှစ်အလလက စုဆောင်းထားရှိခဲ့ပြီး ထောင်ချီရှိနေသည့် သမိုင်းဝင်မှတ်တမ်းမှတ်ရာများကို အမျိုးသားမော်ကွန်းတိုက်တွင် ထားရှိရာမှ အမေရိကန်ထောက်လှမ်းရေးအဖွဲ့များက လျှို့ဝှက်စွာ ဖယ်ရှားနေကြကြောင်း သည်နယူးယောက်တိုင်းမ်သတင်းစာက တနင်္လာနေ့တွင် ရေးသားလိုက်သည်။

ယခင်ကာလက အစိုးရလျှို့ဝှက်ချက်ဟု သတ်မှတ်ထားခဲ့သည့် မှတ်တမ်းမှတ်ရာများသည် ၅၅၀၀၀ ကျော်ရှိပြီး ယင်းတို့ကို အထူးလျှို့ဝှက်သတ်မှတ်စာရင်းမှ ၁၉၉၉ ခုနှစ်တွင် ပယ်ဖျက်ခဲ့သည်။ စီအိုင်အေနှင့် အခြားထောက်လှမ်းရေးအဖွဲ့များက အရေးကြီးသည့် သတင်းများ အရင်စလိုထုတ်ပြန်မှုအပေါ် ကန့်ကွက်ခဲ့ကြသည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။ သမ္မတဂျော့ဂျ်၊ ဘုရှ် သမ္မတရာထူး ရရှိခဲ့ပြီးသည့်နောက် ယင်းသို့ လျှို့ဝှက်မှတ်တမ်းများ ဖယ်ရှားမှုသည် အမေရိကန်တွင် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှု ဖြစ်ပွားပြီးခဲ့သည့်နောက် ပိုမိုအရှိန်မြင့်မားလာခဲ့သည်ဟု မော်ကွန်းတိုက်မှတ်တမ်းများအရ သိရှိရသည်ဟု သတင်းစာကရေးသားသည်။

နှစ်ပေါင်းများစွာက မိတ္တူကူးယူထားခဲ့သည့် ဒါဇင်ပေါင်းများစွာရှိသည့် မှတ်တမ်းမှတ်ရာများသည် မော်ကွန်းတိုက်ရှိစင်မှ ဖယ်ရှားခံခဲ့ရသည်ကို ထောက်လှမ်းရေး သမိုင်းသုတေသီ မက်သယူးအိတ်က သတိထားမိခဲ့ရာမှ အဆိုပါပြဿနာ လူသိရှင်ကြား ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီတလီနိုင်ငံ၌ ကျင်းပသည့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် အုပ်စုလိုက် ရွှေတံဆိပ်ဆုရရှိသွားသော အီတလီနှင်းလျှောစီး အသင်းသားများကို ဖေဖော်ဝါရီ ၁၉ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မက္ကဆီကို၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၂

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဝေးလံသီခေါင်သော ဒေသတစ်နေရာ၌ တနင်္လာနေ့တွင် ကျောက်မီးသွေးတွင်းပေါက်ကွဲမှုဖြစ်ပွားရာ လူ ၆၆ ဦး မြေအောက်၌ပိတ်မိနေပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးအလုပ်သမားများက ပြောကြားသည်။

အဆိုပါ ကျောက်မီးသွေးတွင်းမှာ အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်နှင့် နယ်ချင်းထိစပ်လျက်ရှိသော ကိုဟူလာပြည်နယ်မြောက်ပိုင်းတွင် တည်ရှိသည်။ ကျောက်မီးသွေးတွင်းထဲတွင် ပိတ်မိနေသူများကို ကယ်တင်ရန် အရပ်ဘက် အကာအကွယ်ပေးရေးဝန်ထမ်းများက ကြိုးပမ်းလျက်ရှိသည်။

မိမိတို့ရရှိသည့်သတင်းအရ ၆၆ ဦး မှာပိတ်မိလျက်ရှိကြောင်း၊ ကျောက်မီးသွေးတွင်း အပြင်ဘက်ရှိ လူခုနစ်ဦးမှာလည်း ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့ကြကြောင်း ကိုဟူလာပြည်နယ်မြို့တော် ဆော်လ်တီလိုရှိ အရပ်ဘက်အကာအကွယ်ပေးရေးအဖွဲ့မှ မီဂယ်လ်အင်ဂယ်လ်ဘယ်လ်ထရန်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မက္ကဆီကိုနိုင်ငံရှိ စန်ဂျူအန်ဒီဆာဘီနာ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုကြောင့် ပိတ်မိနေသော လုပ်သားများအား ကယ်ဆယ်ရေးဆောင်ရွက်နေသူ တစ်ဦးကို ဖေဖော်ဝါရီ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

သာမန်မွေးကင်းစကလေး၏ အလေးချိန်ထက် နှစ်ဆခန့်ရှိသည့်ကလေးငယ် စပိန်၌မွေးဖွား

မဒရစ် ဖေဖော်ဝါရီ ၂၂

ကိုလံဘီယာအမျိုးသမီးနှင့် ၎င်းကမွေးဖွားသည့် ကလေးငယ်တို့၏ သတင်းသည် စပိန်နိုင်ငံ၏ မြို့တော်မဒရစ်တွင် လူအများစိတ်ဝင်စားသည့် သတင်းဖြစ်နေသည်။ ကိုလံဘီယာနိုင်ငံသူ အမျိုးသမီးသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ဗိုက်ခွဲမွေးခဲ့ရပြီး ကလေးငယ်၏ အလေးချိန်သည် သာမန်မွေးကင်းစ ကလေး၏အလေးချိန်ထက် နှစ်ဆခန့်ရှိကာ ခုနစ်ကီလိုရှိသည်ဟု သိရှိရသည်။ ယင်းသတင်းကို မဒရစ်မြို့တော်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ကလေးငယ်၏ မိဘများဖြစ်သည့် ရိုစီယိုနှင့် ဂျူဘန်ကာလို့စ်တို့သည် မဒရစ်မြို့တော်အနီးရှိ ကိုဖင်နာဗီဂျိုမြို့တွင် လွန်ခဲ့သည့် ငါးနှစ်ကတည်းက နေထိုင်ခဲ့သူများဖြစ်သည်။ ၎င်းတို့၏သမီးကို အေရင့်ချာဟု ကင်ပွန်းတပ်ထားသည်။ ကလေးငယ်၏ ဖခင်ဖြစ်သူ ရိုစီယိုက ၎င်း၏ဇနီးသည် ခက်ခက်ခဲခဲ ကိုယ်ဝန်ဆောင်ခဲ့ရကြောင်း၊ ကိုယ်အလေးချိန် ၂၂ ကီလိုအထိရှိပြီး လမ်းလျှောက်ရာ၌ပင်လျှင်ဒုက္ခရောက်ခဲ့ကြောင်း ပြောကြားသည်။ကလေးရောမိခင်ပါ ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြသဖြင့် မကြာမီ ဆေးရုံမှ ဆင်းမည်ဟု ဆရာဝန်များက ပြောကြားသည်။ ဂင်းနက်စ် မှတ်တမ်းစာအုပ်တွင် ဖော်ပြထားခဲ့သည့် မွေးကင်းစကလေး၏ အလေးချိန်မှာ ၁၀ ဒသမ ၈ ကီလိုဖြစ်သည်။ သို့ရာတွင် အဆိုပါ ကလေး၏အသက်မှာ ၁၁ နာရီသာကြာပြီး သေဆုံးသွားသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စပိန် ယူရိုပါတောင်၌ ဗြိတိသျှ တောင်တက်သမားနှစ်ဦး သေဆုံး

မဒရစ် ဖေဖော်ဝါရီ ၂၂

စပိန်နိုင်ငံမြောက်ပိုင်း အမျိုးသားဥယျာဉ်ရှိ ယူရိုပါတောင်ထိပ်၌ ဗြိတိသျှ တောင်တက်သမားနှစ်ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့က ဖေဖော်ဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန် ကြေညာသည်။ အဆိုပါ တောင်တက်သမားနှစ်ဦးမှာ ဆိုသမ်တွန်ဒေသမှ ကက်သရင်းလိုင်ဆာစတုတ်စ်နှင့် ကမ်ဘရစ်ဒေသမှ ရိုဘက်ရက်ဖ်ပန်ဂလဲတို့ ဖြစ်ကြသည်။ ၎င်းတို့နှစ်ဦးသည် ဖေဖော်ဝါရီ ၁၈ ရက်က ကန်သာဘရစ်ကာ တောင်တန်း၌ ပျောက်ဆုံးခဲ့သည်။ ၎င်းတို့ကို ရှာဖွေရန် ဒေသဆိုင်ရာ အာဏာပိုင်များက အထူးတောင်တက်အဖွဲ့ကို စေလွှတ်ခဲ့ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် ၎င်းတို့ကို တွေ့ရှိခဲ့သည်။

ဆယ်လ်လိုဂိုဒီလီဘာနာ တောင်၏ ကာချော်ရလ်ဒီဟိုမက်စ်ဇုန်၌ သေဆုံးနေသော ရက်ဖ်ပန်ဂလဲ၏ အနီးတွင် စတုတ်စ်ကို အသက်ရှင်လျက်တွေ့ရှိခဲ့ပြီး ၎င်းကို အာရွန်ဒက်စ်ဒေသဆေးရုံသို့ ပို့ဆောင်ခဲ့ရာလမ်းတွင် သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မော်စကိုဈေးခေါင်မိုးပြိုကျ၊ လူ၃၁ဦးအသက်ဆုံးရှုံး

မော်စကို ဖေဖော်ဝါရီ ၂၃

ရုရှားနိုင်ငံမြို့တော်မော်စကိုဈေးတစ်ဈေး၏ ခေါင်မိုး ဖေဖော်ဝါရီ ၂၃ရက်က ပြိုကျခဲ့သည့်အတွက် အနည်းဆုံးလူ၃၁ဦးအသက်ဆုံးရှုံးသွားကြောင်းအရေးပေါ် ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူများက ပြောကြားကြသည်။

ဖော်ပြ

ထိုအမိုးမှာ ထူထပ်စွာ ကျနေသော နှင်းထု၏ အလေးချိန်ကို မခံနိုင်သည့်အတွက် ပြိုကျခြင်းဖြစ်နိုင်သည်ဟု အချို့ကယူဆကြသည်။အခင်းဖြစ်ပွားချိန် နံနက်၅း၄၅နာရီတွင်က ထိုအဆောက်အအုံအတွင်း လူမည်မျှရှိနေသည်ကို အတိအကျမသိရှိရသေးကြောင်း ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်ကို ကိုးကား၍ အင်တာဖက် သတင်းဌာနက ဖော်ပြခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ပြိုကျနေသော အမိုးအောက်၌ လူ ၄၀ မျှရှိနေသည်ဟု ဆိုသည်။ ကယ်ဆယ်ရေးလုပ်သားများက လုပ်ငန်းဆောင်ရွက်နေချိန်တွင် မြေထိုးစက်ကြီးများနှင့် သူနာပြုယာဉ်များမှာအကူအပံ့များပေးရန် အရန်သင့်စောင့်ဆိုင်းနေကြသည်။ အချို့သောလူများကလည်း လက်ကိုင်ဖုန်းများအသုံးပြုကာ အမိုးအောက်၌ ပိမိနေသူများကို ကူညီရှာဖွေပေးလျက်ရှိကြောင်း တွေ့ရသည်။ **(ယာပုံ)**

ယခုအခါအမိုးပိနေသူ အသက်ရှင်လျက်ရှိတဲ့ လူ၁၀ဦးနှင့် ကယ်ဆယ်ရေးသမားများ အဆက်အသွယ်ရနေပြီဖြစ်၍ ၎င်းတို့ကို ကယ်တင်နိုင်ရေး ကြိုးစားနေကြသည်ဟု ကယ်ဆယ်ရေးလုပ်ငန်းဝန်ကြီးဆာဂျီရှိုကူက ပြောကြားသည်။

(အင်တာနက်)

ဗင်နီဇွဲလားနိုင်ငံ၏ ပြည်တွင်းရေးဝင်ရောက်မစွက်ဖက်ရန် ကန်နိုင်ငံခြားရေးဝန်ကြီးအား ချာဗက်ဇ်သတိပေး

ကာရာကတ်စ် (ဗင်နီဇွဲလား) ဖေဖော်ဝါရီ ၂၂

အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး အခြေအနေတင်းမာနေစဉ်အတွင်း ဗင်နီဇွဲလားနိုင်ငံသည် ဒေသတွင်း ဒီမိုကရေစီရေးအတွက် ခြိမ်းခြောက်မှုအန္တရာယ်တစ်ရပ် ဖြစ်နေသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က ဝေဖန်ပြောကြားသွားပြီးနောက် ရက်အနည်းငယ်အတွင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ရိုက်စ်ကို ပြည်တွင်းနိုင်ငံရေးကိစ္စတွင် ဝင်ရောက်မစွက်ဖက်ရန် သတိပေးပြောကြားလိုက်သည်။

ရိုက်စ်အနေဖြင့် ဗင်နီဇွဲလားနိုင်ငံနှင့်ပတ်သက်၍ ရှုပ်ရှုပ်ထွေးထွေးဖြစ်စေရန် မကြိုးပမ်းသင့်ကြောင်း ချာဗက်ဇ်က ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံသည် ကမ္ဘာ့အနောက်ခြမ်းဒေသတွင် ပြဿနာပေါင်းသောင်းခြောက်ထောင်ဖြင့်တွေ့နေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်နေကြောင်း၊ ဒီမိုကရေစီရေးဆန့်ကျင်သည့်လုပ်ရပ်များ ဖယ်ရှားနိုင်သည့်မဟာဗျူဟာမြောက် အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အရ ဗင်နီဇွဲလားနိုင်ငံကို ဒေသဆိုင်ရာ အပေါင်းပါနိုင်ငံ တစ်နိုင်ငံ ဖြစ်လာစေရန် ကတိပြုထားသည်ဟု ရိုက်စ်ကပြောကြားပြီးနောက် ဖော်ပြပါအတိုင်း သတိပေးမှု ပေါ်ထွက်ခဲ့ခြင်း ဖြစ်သည်။ အမေရိကန်အစိုးရက မိမိကို ရာထူးမှပြုတ်ကျစေရန် ကြိုးပမ်းနေသည်ဟု ချာဗက်ဇ်က အကြိမ်ကြိမ် စွပ်စွဲခဲ့သည်။ စစ်သားဟောင်းတစ်ဦးဖြစ်ခဲ့ဖူးသည့် ချာဗက်ဇ်က ဗင်နီဇွဲလားနိုင်ငံတွင် ဆိုရှယ်လစ်တော်လှန်ရေးဆင်နွှဲမည်ဟု ပြောကြား ထားပြီး အမေရိကန်ထောက်ခံအားပေးသည့် စီးပွားရေးဆိုင်ရာလှုပ်ရှားမှုများကို ဆန့်ကျင်တွန်းလှန်ရန်အတွက် ဒေသဆိုင်ရာ စည်းလုံးညီညွတ်မှုကို မြှင့်တင်ဆောင်ရွက်ရန်လည်း ကတိကဝတ်ပြုထားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်ရှိ ဓာတ်အားပေးစက်ရုံ၏ ထိန်းချုပ်ခန်း လုပ်ငန်းခွင်တစ်နေရာကို ဖေဖော်ဝါရီ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟောင်ကောင်၌ ကမ္ဘာ့မီးသတ်စွမ်းရည်ပြိုင်ပွဲကျင်းပ မီးသတ်သမား ၃၃၀၀ ကျော် ပါဝင်

ဟောင်ကောင် ဖေဖော်ဝါရီ ၂၂

မီးသတ်စွမ်းရည်မြှင့်တင်ဆောင်ရွက်ရန်အတွက် ကမ္ဘာတစ်ဝန်းလုံးမှ မီးသတ်သမား ၃၃၀၀ ကျော်တို့သည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဟောင်ကောင်သို့ ရောက်ရှိလာကြသည်။ ၎င်းတို့စုဝေးကြခြင်းသည် အရေးပေါ်အခြေအနေကြောင့် မဟုတ်ဘဲ နဝမအကြိမ် မီးသတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရန်အတွက်ဖြစ်သည်ဟု သတင်းတစ်ရပ်၌ရေးသားဖော်ပြသည်။

စွမ်းရည်ပြိုင်

လာမည့်ခုနစ်ရက်အတွင်း ၃၅ နိုင်ငံမှ မီးသတ်သမားများသည် ၎င်းတို့၏ ကျွမ်းကျင်မှု သရုပ်ပြရန်နှင့် စွမ်းရည်ပြိုင်ပွဲ ၅၉ မျိုးတွင် ပါဝင်ယှဉ်ပြိုင်သွားကြရန်ဖြစ်သည်။

၁၉၉၀ ပြည့်နှစ်ကတည်းက အဆိုပါမီးသတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပလာခဲ့ရာ ယခုအချိန်သည် ဟောင်ကောင်အတွက် အိမ်ရှင်အဖြစ်ပထမဆုံးလက်ခံ ကျင်းပခြင်းဖြစ်သည်ဟု ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရ ဒေသအကြီးအကဲ ဒိုနယ်လ်ဆန် ရမ်ကန်က အခမ်းအနားဖွင့်ပွဲ၌ ပြောကြားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဟောင်ကောင်တွင် ပြုလုပ်သော ကမ္ဘာ့မီးသတ် စွမ်းရည် ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်နေသည့် ပြိုင်ပွဲဝင် တစ်ဦး ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

လမ်းဘေးဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၂

အီရတ်နိုင်ငံ ကာဘာလာမြို့တောင်ပိုင်းဒေသတွင် လမ်းဘေးဗုံးဖောက်ခွဲခံခဲ့ရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး တနင်္လာနေ့က သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် ကာဘာလာမြို့ တောင်ပိုင်းတွင် လှည့်ကင်းယာဉ်ဖြင့် တိုက်ခိုက်ရေးလှုပ်ရှားမှုများပြုလုပ်နေစဉ်အတွင်းလမ်းဘေးဗုံးဖောက်ခွဲမှုခံရသဖြင့် ဖေဖော်ဝါရီ ၂၀ရက်ကသေဆုံးခဲ့သည်ဟုအမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဗီယက်နမ်တွင် အေပက်အဖွဲ့ အစည်းအဝေးများ စတင်ကျင်းပ

ဟနွိုင်း ဖေဖော်ဝါရီ ၂၂

၂၀၀၆ခုနှစ် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အေပက်)၏ပထမဆုံးအစည်းအဝေးကို ဟနွိုင်းမြို့၌ ဖေဖော်ဝါရီ ၂၁ ရက်တွင် စတင် ကျင်းပခဲ့သည်။ အေပက်ထိပ်သီးအစည်းအဝေးကို ဗီယက်နမ် နိုင်ငံတွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၉ရက်အထိကျင်းပ ပြုလုပ်မည်ဖြစ်သည်။ ယခုအစည်းအဝေးသည် ထိပ်သီးအစည်းအဝေး မကျင်းပမီကြိုတင်ကျင်းပသည့် ဆွေးနွေးစည်းဝေးပွဲဖြစ်သည်။

ထိုဆွေးနွေးပွဲကို ဟနွိုင်းမြို့၌ ဖေဖော်ဝါရီ ၂၁ရက်မှ မတ် ၂ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်သည်။ အေပက်အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများက အီးကော်မတ်၊ အကောက်ခွန်၊ မူပိုင်ခွင့်၊ ဈေးကွက်အခွင့်အလမ်း၊ အကျင့်ပျက်မှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေးကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၀ရက်နေ့ ဆွေးနွေးပွဲတွင် လျှပ်စစ်ပေးဝေသွယ်တန်းရေးကိစ္စ၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် လျှပ်စစ်နှင့် အီလက်ထရွန်းနစ် ပစ္စည်းများဆိုင်ရာ နှစ်နိုင်ငံအသိအမှတ်ပြုခြင်းနှင့် အီးကော်မတ်နှင့် အီး-ဂါးဘားမင့်တွင် ပုဂ္ဂလိကသတင်းအချက်အလက် ကာကွယ်ပေးခြင်း စသည့်ကိစ္စရပ်များကို ဆွေးနွေးကြမည်။ ထိုနေ့ဆွေးနွေးပွဲသို့ တရုတ်-ဟောင်ကောင်၊ ထိုင်း ၊ဂျပန်၊ အမေရိကန်၊ ဩစတြေးလျအပါအဝင် အေပက်စီးပွားရေးအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များတက်ရောက်ဆွေးနွေး ခဲ့ကြသည်။ အာရှ-ပစိဖိတ် ဒေသအပေါ် ကမ္ဘာ့အကောက်ခွန် အဖွဲ့အစည်းများ၏ အကျိုးသက်ရောက်မှု ကိစ္စရပ်များကိုလည်း တရုတ် ကျွမ်းကျင်သူများက တင်ပြခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဗီယက်နမ်၌ ကျင်းပမည့် အေပက် အစည်းအဝေးနှင့် ပတ်သက်၍ ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင်ဒုတိယဝန်ကြီးချုပ် ဗူခွမ်းရှင်းလင်းပြောကြားနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဂိုလာ၌ ဝမ်းရောဂါဖြစ်ပွား၊ ရှစ်ဦးသေဆုံး

လူအန်ဒါ ဖေဖော်ဝါရီ ၂၂

အင်ဂိုလာနိုင်ငံ မြို့တော်လူအန်ဒါရှိ ဆင်းရဲသားရပ်ကွက်တစ်ခုတွင် ကာလဝမ်းရောဂါ ဖြစ်ပွားလျက်ရှိရာ ရောဂါဖြစ်ပွားသူဦးရေ ၄၀ အနက် ရှစ်ဦး သေဆုံးသွားကြောင်း အင်ဂိုလာနိုင်ငံ ကျန်းမာရေးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

မြို့တော်လူအန်ဒါ၏ ဘိုဗီစတားရပ်ကွက်တွင် ဝမ်းရောဂါကူးစက်ပြန့်ပွားလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး ဆီဘက်စတီယိုလိုဆိုက ပြောကြားသည်။

ဘိုဗီစတားရပ်ကွက်တွင် ကျန်းမာရေးနှင့် ညီညွတ်စေရန် အခြေခံဖြစ်သောရေနှင့် သန့်ရှင်းမှုအစီအစဉ် မရှိခြင်းနှင့် ဆောက်လုပ်ရေး ကန်ထရိုက် လုပ်ငန်းများကြောင့်ရေဆိုးပိုက်များ မတော်တဆ ထိခိုက်ပျက်စီးခြင်းတို့မှာ ကာလဝမ်းရောဂါ ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများဖြစ်ကြောင်း တီလိုဆိုက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြင်သစ်နှင့်အိန္ဒိယ ခေါင်းဆောင်များ တွေ့ဆုံ ကုန်သွယ်ရေးဆွေးနွေး

နယူးဒေလီ ဖေဖော်ဝါရီ ၂၂

အာရှဒေသတွင်စီးပွားရေး လုပ်ငန်းများအကောင်အထည်ဖော်ရာ၌တတိယအအောင်မြင်ဆုံးဖြစ်သည့် အိန္ဒိယနိုင်ငံမှ ခေါင်းဆောင်များနှင့် ပြင်သစ်သမ္မတ ဂျက်ရှီရက်တို့သည် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေးကိစ္စ၊ အရပ်သုံးနျူကလီးယားစွမ်းအင် ထုတ်လုပ်ရေး ကဏ္ဍနှင့်ကာကွယ်ရေးကိစ္စများကို နယူးဒေလီတွင်ဆွေးနွေးကြသည်။

ဂျက်ရှီရက်သည် နိုင်ငံအများအပြားသို့ခရီးထွက်လျက်ရှိရာ အိန္ဒိယနိုင်ငံသို့ ခရီးတစ်ထောက်ဝင်ရောက် ရပ်နားစဉ်အတွင်း ယင်းသို့ဆွေးနွေးခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုနှင့်လွန်ခဲ့သည့်နှစ်အတွင်းက လက်မှတ်ရေးထိုးခဲ့သည့်သဘောတူညီချက်အရစစ်ဘက်သုံးနှင့်အရပ်ဘက်သုံး အဏုမြူ ထုတ်လုပ်ရေးစက်ရုံများအဖြစ် ခွဲခြားမည့် အစီအစဉ်အချောမသတ်သေးမီအထိ ဂျက်ရှီရက်က နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးဖွယ်မရှိသေးပေ။

သို့ရာတွင်ပြင်သစ်နှင့် အိန္ဒိယတို့က သဘောတူညီချက်တစ်ရပ်လက်မှတ်ထိုးမည့်ကိစ္စကို ထုတ်ပြန်ကြေညာဖွယ်ရှိသည်။ အိန္ဒိယနိုင်ငံ၏ လောင်စာစွမ်းအင်လိုအပ်ချက်တိုးမြင့်လာမှုပြဿနာကို ဖြည့်ဆည်းပေးသည့် အနေဖြင့် နျူကလီးယားလောင်စာထုတ်လုပ်ရေးနှင့်နည်းပညာရရှိစေရေးအတွက်ပြင်သစ်ကပံ့ပိုးကူညီခြင်းဖြစ်သည်။ယင်းသို့ကူညီမှုကြောင့် အိန္ဒိယက ပထမဆုံးအဖြစ်နျူကလီးယားစမ်းသပ်မှုပြုလုပ်ခဲ့ပြီးနောက် နိုင်ငံတကာကအိန္ဒိယနိုင်ငံအပေါ်ဆယ်စုနှစ်သုံးစုကြာ ကန့်သတ်အရေးယူမှုများပြုလုပ်မှုသည်လည်း အဆုံးသတ် သွားပြီဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

အာရှလေကြောင်း လေယာဉ်ပြပွဲ စင်ကာပူနိုင်ငံ၌ ကျင်းပ

စင်ကာပူ ဖေဖော်ဝါရီ ၂၂

ကမ္ဘာ့တတိယအကြီးဆုံးနှင့် အာရှအကြီးဆုံး လေကြောင်းပြပွဲကို စင်ကာပူနိုင်ငံ၌ ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းက ဖွင့်လှစ်လိုက်သည်။ နိုင်ငံပေါင်း ၄၀ ကျော်မှ ကုမ္ပဏီပေါင်း ၁၅၄ ခုတို့က ပါဝင်ပြသခဲ့ကြောင်း၊ ယင်းလေကြောင်းပြပွဲကို ဖေဖော်ဝါရီ ၂၁ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်အထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းပြပွဲတွင် အပါချီ ရဟတ်ယာဉ်၊ အက်ဖ်-၁၅ နှင့် အက်ဖ်-၁၆ တိုက်လေယာဉ်များ အပါအဝင် စစ်သုံးနှင့် စီးပွားရေးလုပ်ငန်းသုံး လေယာဉ်များ အမျိုးပေါင်း ၄၀ ကျော် ပြသထားကြောင်း၊ ယင်းပြပွဲတွင် ကမ္ဘာ့ စီးပွားရေးလုပ်ငန်းသုံး လေယာဉ်ဖြစ် သည့် အကြီးဆုံး အဲဘတ်စ်အေ-၃၈၀လေယာဉ်များလည်း ပါဝင်ပြသခဲ့သည်။အက်ဖ်-၁၆ တိုက်လေယာဉ်များ၊ လူလိုက်ပါခြင်းမရှိသော ယူအေဗွီလေယာဉ်များနှင့် အဲဘတ်စ် အေ-၃၈၀ လေယာဉ်များကိုလည်း ပြပွဲတွင် ပြသသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူနိုင်ငံ လေကြောင်း ပြပွဲ၌ ပြသထားသည့် ရဟတ်ယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၂၁ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြည်သူကိုကူညီသည့်ရဲ၊ ရဲကိုကူညီသည့်ပြည်သူ

ထက်ခေါင်

"ဖျို့ဆရာကြီး မင်္ဂလာပါဗျာ၊ ဒီအတောအတွင်း ရဲတွေ အတော် ခြေသွက်လက်သွက် နေကြပါလား"

ပြည်သူ့ဝန်ထမ်းဖြစ်သည့် ကိုဗေဒါတစ်ယောက် ရုံးအားရက် နံနက်ခင်း အိမ်တွင်စာဖတ်နေခိုက် ကျွန်တော်၏မိတ်ဆွေ ကိုစပ်စု အိမ်သို့ဝင်လာရင်း ပြောလိုက်ခြင်းဖြစ်ပါသည်။

"ခင်ဗျားကလဲ အရင်းမရှိ အဖျားမရှိ၊ ဘယ်ကရဲတွေက ခြေသွက် လက်သွက်နေကြတာတုံး"

"ကိုယ့်လူက သတင်းတွေ မဖတ်ဘူးလား၊ မှုခင်းသတင်းတွေ မလေ့လာဘူးလား၊ ပတ်ဝန်းကျင်မှာ လူတွေသူတွေ ပြောနေတာတွေ နားမျက်စိဖွင့်မထားဘူးလား၊ မြန်မာနိုင်ငံအနှံ့အပြားမှာ ဖြစ်ပွားခဲ့တဲ့ မှုခင်းတွေနဲ့ပတ်သက်လို့ အမှုဖြစ်တာနဲ့ ကာလတိုအတွင်း ချက်ချင်း လိုလို ဖော်ထုတ်မိတဲ့အပြင် အချိုကြီးနဲ့ တသီကြီးမိတဲ့အမှုတွေ ပိုများ လာသလားလို့ပါ၊ အဲဒီအမှုတွေနဲ့ပတ်သက်ပြီး ခင်ဗျားရဲ့အမြင်ကို သိချင် ကြားချင်လို့မေးတာ"

"သြော် ဒီကိစ္စလား၊ အမှုတွေကတော့ နှစ်စဉ်ဖြစ်ပွားနေတဲ့ မှုခင်း ဇယားတွေကို နှိုင်းယှဉ်ကြည့်လိုက်ရင် ဒီဘက်နှစ်တွေမှာ ဖြစ်ပွားနှုန်းတွေ အတော်ကျလာတာကိုတွေ့ရတယ်။ ဒါပေမယ့် အရင်တုန်းကတော့ ပြည်သူလူထုက ကိုယ့်ဝန်းကျင်က မှုခင်းဖြစ်ပွားသလောက်ကိုသာ တစ်ဆင့် စကားနဲ့ သိနေကြရတာ၊ ဒီတော့ အမှုဖြစ်လိုက်တာသာသိလိုက်တယ်၊ အမှုကို ဘယ်လိုစုံစမ်းဖော်ထုတ်တယ်၊ ဘယ်လိုဖမ်းဆီးရမိပြီး ဘယ်လို ပြစ်ဒဏ်ချလိုက်တယ်ဆိုတာတွေကို လူမသိသူမသိ ဖြစ်ခဲ့ကြရတယ်၊ ပြီးတော့ တစ်ပြည်လုံးမှာဖြစ်နေတဲ့ မှုခင်းတွေအကြောင်းကို မသိကြသလို မှုခင်းဗဟုသုတကလည်းနည်းကြတယ်၊ အခုတော့ ပြစ်မှုဖြစ်ပွားပြီဆိုတာ ကနေ တရားခံတွေကိုဖမ်းဆီးပြီး အပြစ်ဒဏ်ချလိုက်တဲ့အထိ သတင်းစာ၊ ဂျာနယ်၊ မှုခင်းမဂ္ဂဇင်းတွေမှာ အကျယ်တဝင့်ဖော်ပြတဲ့အပြင် ရဲကလည်း မီဒီယာအသုံးပြုပြီး လူထုတစ်ရပ်လုံး မှုခင်းအသိပညာ တိုးပွားအောင် နည်းလမ်းစုံအသုံးပြုဆောင်ရွက်လာတယ်၊ တစ်နည်းအားဖြင့် မှုခင်းရယ်၊ ရဲရယ်၊ ပြည်သူရယ်ဟာ ဟိုအရင်တုန်းကလို တသီးတခြားစီဖြစ်နေတဲ့ အရာတွေ မဟုတ်တော့ဘူး၊ တစ်လုံးတစ်စည်းတည်းပတ်သက်နေတဲ့အရာ များ ဖြစ်တယ်လို့ မှုခင်းဗေဒအယူအဆက ပြောင်းလဲသွားပြီလေ၊ အဲဒီ သော့ချက်ကို ရဲကအသုံးချတော့ ခင်ဗျားပြောတဲ့မှုခင်းဖော်ထုတ်မှုတွေ ပြန်လည် သွက်လက်လာတာပေါ့"

"အဲ စိတ်ဝင်စားစရာပဲဗျို့၊ ဆက်ရှင်းစမ်းပါဦး"

"ဖြစ်ပွားပြီးခဲ့တဲ့အမှုတွေမှာ မပေါ်ပေါက်တာတွေလည်းရှိတာပေါ့၊ ဒါကတော့ ဘယ်နိုင်ငံမှာမဆို ရဲလုပ်ငန်းသဘောအရ ဖြစ်တတ်ရှိတတ်တဲ့ သဘောပါပဲ၊ အဲ-ဒါပေမယ့် အမှုတစ်ခုဟာဖြစ်ပြီ ဆိုတာနဲ့ သူ့ချည်း သက်သက် အကြောင်းမဲ့ဖြစ်တယ်ရယ်လို့ ဘယ်သောအခါမှာမှမရှိဘူး၊ အကြောင်း အကျိုးဆက်နွယ်ပြီးမှ ဖြစ်ပေါ်လာကြတာချည်းပဲ၊ ဒါကြောင့် ပင်မအကြောင်းရင်းခံကို အမြစ်တူးပြီး ဖြိုလှဲလိုက်ရင် အကျိုးဆက်ဖြစ်တဲ့ အမှုဆိုတာ ဖြစ်ပေါ်လာစရာမရှိတော့ဘူး၊ ဒီသဘောအရ ရဲတပ်ဖွဲ့က ဖြစ်ပွားခဲ့သမျှ၊ ဖြစ်ပွားနေသမျှအမှုတွေအားလုံးကို အုပ်စုခွဲပြီးလေ့လာ သုတေသနပြုတယ်ကွ၊ အမှုတွေဟာ လောဘကြောင့်လား၊ ဒေါသကြောင့် ဖြစ်တာလား၊ ကြိုတင်စီစဉ်တာလား၊ ရုတ်ခြည်းဖြစ်တာလား၊ နေ့ဖြစ် သလား၊ ညဖြစ်သလား၊ သောက်စားမူးယစ်ပြီး ဖြစ်တာလား၊ အကျင့်ဇီဇ ကြောင့်လား စသည်ဖြင့်ပေါ့ကွာ၊ အဲဒီလိုဖြစ်တတ်တဲ့ အကြောင်းတွေပေါ် အခြေခံပြီး ဒါတွေလျော့နည်းအောင် အသိပညာပေးမှုတွေလုပ်ရတာပေါ့။ နောက်ပြီးတော့ကွာ အမှုဆိုတာဟာ ဘယ်လူမှုအဖွဲ့ အစည်းအတွင်းမှာ မဆိုရှိတယ်။ တနည်းအားဖြင့် လူရှိရင် အမှုရှိတယ်ဆိုတာကို ဒို့လက်ခံ ရမယ်။ ယေဘုယျသဘောအရ အမှုအခင်းများဟာ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ဂုဏ်ရှိခြင်း၊ မရှိခြင်းနဲ့မဆိုင်ဘူး၊ သာဓကအားဖြင့် ချမ်းသာ တယ်၊ တိုးတက်တယ်ဆိုတဲ့ အနောက်နိုင်ငံတွေမှာ လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှုတွေဟာ ဒို့အရှေ့တိုင်းနိုင်ငံတွေထက် အဆမတန်ပိုများတာကို တွေ့နိုင်တယ်။ ဒါသူတို့ဆီက ထုတ်ပြန်ထားတဲ့ တရားဝင် ကိန်းဂဏန်းတွေ အရကို မငြင်းသာအောင် ပေါ်လွင်နေတဲ့အချက်ဖြစ်တယ်။ အဲဒီလိုဖြစ်ပွား လာတဲ့အမှုကို ဘယ်လိုဖော်ထုတ်ကြမလဲဆိုတာက ရဲလုပ်ငန်းမှာ အတော့်ကို အခရာကျတဲ့ အလုပ်တစ်ခုဖြစ်တယ်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲ့ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာမှာ အဓိကထားလုပ်ရတဲ့ လုပ်ငန်းတာဝန်(၄)ရပ်ရှိတယ်။ အဲဒါတွေကတော့ မှုခင်းမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားပြီးသော မှုခင်းများကို ဖော်ထုတ်ခြင်း၊ ဖော်ထုတ်ပြီးတဲ့မှုခင်းတွေကို တရားစွဲတင်ခြင်းနဲ့ ထိရောက်သော ပြစ်မှု၊ ပြစ်ဒဏ်ရရှိအောင် ဆောင်ရွက်ခြင်းတို့ပဲဖြစ်တယ်။ ဒါကို ဥပဒေအရလုပ်ရမယ့် လုပ်ငန်းအဆင့်ဆင့်လို့ ပြောမယ်ဆိုလည်း ပြောနိုင်တယ်။ ပြစ်မှုမဖြစ်ပွားရေးအတွက် ရေပက်မဝင်လုံခြုံအောင် ကာကွယ်နိုင်ခဲ့ရင် ပြစ်မှုဖြစ်ပွားမှုဆိုတာ မရှိနိုင်တော့ဘူး၊ ပြစ်မှုမရှိရင် ပြစ်မှုဖော်ထုတ်စရာအလုပ်လည်း မရှိတော့ဘူး။ ဒါဆိုရင် တရားစွဲတင်ဖို့ မလိုတော့ဘူး၊ ထိရောက်သော ပြစ်ဒဏ်ရရှိရေးဆိုတာလည်း ကိစ္စပြတ်ပြီပေါ့။ ဒီတော့ အဆင့်တိုင်းကို စနစ်တကျ သုံးသပ်ပြီး ရှေ့အဆင့်ဆင့်တွေမှာတင် ကိစ္စပြတ်အောင် ဖြတ်နိုင်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်ဖို့ဟာ သိပ်အရေးကြီးတယ်။ ဒီတော့လူရှိရင် အမှုရှိတယ်ဆိုတာကို တခြားရှုထောင့်ကနေ ဒါကြောင့် ပြစ်မှုကျူးလွန်သူတွေဟာ တခြားကမ္ဘာကမဟုတ်ဘူး၊ သာမန်အပြစ်မဲ့ ပြည်သူတွေကြားထဲမှာပဲ ပုန်းလျှိုးကွယ်ပျောက်နေကြတာသာ ဖြစ်တယ်။ အဲဒါကို ပြည်သူတစ်ရပ်လုံးကသတိထားပြီး အသိနဲ့ ဝိုင်းဝန်း ပူးပေါင်းပါဝင်ပြီး ကူညီဖော်ထုတ်မယ်ဆိုရင် ဒုစရိုက်သမားတွေအတွက် နေရာမရှိတော့ဘူးဆိုတဲ့ အဖြေထွက်တယ်"

"ကောင်းလိုက်တဲ့ အယူအဆဗျာ၊ ဒီတော့ ရဲလုပ်ငန်းမှာ ပြည်သူတွေပါ ပါဝင်လာရမယ်ဆိုတဲ့ သဘောပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဒါကြောင့် ဒီကနေ့ ပြစ်မှုတားဆီးနှိမ်နင်းရေးလုပ်ငန်းမှာ **"ပြည်သူပါမှအောင်ပွဲရ"**ဆိုတဲ့ ဆောင်ပုဒ်နဲ့ ရဲလုပ်ငန်းမှာ ပြည်သူတွေ ပါဝင်လာဖို့အတွက် ဘက်စုံကနေ လှုံ့ဆော်ပညာပေးမှုတွေ လုပ်လာကြတာ ပေါ့။ ဒီအနှစ်သာရကိုပဲ နိုင်ငံတကာမှာရှိတဲ့ ရဲအဖွဲ့တွေက စကားလုံး အမျိုးမျိုးနဲ့ လက်တွေ့ ကျင့်သုံးနေကြတယ်။ ဥပမာ စင်ကာပူနိုင်ငံမှာ **အိမ်နီးနားချင်းစောင့်ကြည့်တဲ့ ရဲလုပ်ငန်းစနစ်** ဆိုပြီးလုပ်တယ်။ ဂျပန်နိုင်ငံမှာတော့ **ကိုဘန်းနဲ့ ချူဇိုင်းရှိုး ရဲလုပ်ငန်းစနစ်** ဆိုပြီး ကျင့်သုံးတယ်။ မြန်မာနိုင်ငံမှာတော့ **ပြည်သူလူထုပူးပေါင်း ပါဝင်တဲ့ ရဲလုပ်ငန်းစနစ်**ဆိုပြီး အကောင်အထည်ဖော်တယ်။ အရင်းစစ်လိုက်ရင်တော့ ပြည်သူတစ်ရပ်လုံး ရဲလုပ်ငန်းမှာ ပူးပေါင်းပါဝင်လှုပ်ရှားဖို့ပါပဲ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဆောင်ပုဒ်ကို အသေအချာစဉ်းစားကြည့်လေဗျာ၊ **"ကူညီပါရစေ"**တဲ့။ ဘယ်သူ့ကို ကူညီမှာလဲဆိုတော့ ပြည်သူလူထုကို ကူညီမှာပေါ့။ လွယ်လွယ် ပြောရရင်တော့ ရဲကပြည်သူကို ကူညီမယ်ပေါ့ဗျာ။ ပြည်သူလူထု ပူးပေါင်း ပါဝင်တဲ့ ရဲလုပ်ငန်းစနစ်မှာကတော့ ရဲက လူထုအကူအညီကို အများကြီး လိုအပ်နေတယ်။ ဆိုရရင် ပြည်သူကလည်း ရဲကို ကူညီရမယ်ပေါ့ဗျာ။ ရဲက ပြည်သူကို ကူညီမယ်၊ ပြည်သူက ရဲကို ကူညီမယ်၊ ဒီတော့ သချာနည်းကျကျ စဉ်းစားအဖြေထုတ်လိုက်ရင် အဲဒါဟာ ပြည်သူက ပြည်သူကို ကူညီတာဖြစ်တယ်ဗျ"

"ဟုတ်ပြီဗျို့ ဟုတ်ပြီ၊ ခင်ဗျားပြောမှ ဘွားခနဲပေါ်လာတာကလား။ ကျွန်တော်ဖြင့် အဲဒီလိုတစ်ခါမှ မစဉ်းစားမိခဲ့ဘူး။ ဒီလိုဆိုတော့လည်း ရဲဆိုတာ အပေါ်ယံအားဖြင့် အမည်ခံအဖွဲ့အစည်းတစ်ခုသာဖြစ်ပြီး အတွင်း သရုပ်ကတော့ ရဲသည်ပြည်သူ၊ ပြည်သူသည်ရဲ ဆိုတဲ့ အနှစ်သဘော ဖြစ်နေတော့တာပေါ့ဗျာ...နော"

"ဒါပဲပေါ့ဗျ၊ ရဲဆိုတာကလည်း ဒီနိုင်ငံ၊ ဒီလူမျိုး၊ ဒီလူမှုအဖွဲ့အစည်း အတွင်းက ပြည်သူ့သားသမီးတွေပဲမဟုတ်လား၊ တာဝန်ထမ်းဆောင်မှုအရ ကန့်သတ်ထားလို့သာ ရဲဆိုတဲ့အဖွဲ့အစည်းဖြစ်နေတာလေ။ ဒါကြောင့်လည်း ကမ္ဘာ့အရပ်ရပ်က ရဲတွေအားလုံးဟာ ဘယ်လိုပဲ လူမျိုးနိုင်ငံ ကွဲပြားပါစေ၊ ခေတ်စနစ်တွေ၊မူဝါဒတွေခြားနားပါစေ၊လုပ်နေရတဲ့ ရဲလုပ်ငန်း ရဲ့ အနှစ်သာရအစစ်ကတော့ **တရားဥပဒေနဲ့အညီ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ဖို့နဲ့ အလုပ်အကျွေးပြုဖို့**ဆိုတဲ့ အချက်နှစ်ခုကို အကောင်အထည်ဖော်ဖို့သာ ဖြစ်သတဲ့ဗျ။ ရဲတွေရဲ့ ဆိုရိုးရှိတယ်ဆိုပဲ"

"အင်း-ဒါကြောင့်လဲ နိုင်ငံတော်အကြီးအကဲက ပြည်သူတွေ တံခါးဖွင့် အိပ်နိုင်သည်အထိ ရပ်ရွာအေးချမ်းသာယာအောင် ရဲတပ်ဖွဲ့က လုံခြုံမှု အကာအကွယ်တွေ လုပ်ပေးရမယ်လို့ ပြောခဲ့တာကိုး။ ဒီအတိုင်းသာ အတိအကျအကောင်အထည် ဖော်နိုင်လို့ကတော့ နတ်လူသာခုခေါ်တဲ့ အလုပ်ပါပဲဗျာ"

"အခုလည်း ရဲတွေကို ဒီလမ်းကြောင်းအတိုင်း လျှောက်လှမ်းဖို့ ပဲ့ကိုင်ပြီး တွန်းတင်နေတဲ့ ကာလဖြစ်တယ်။ ငါးခုံးမတွေလည်းရှိတာ ပေါ့လေ"

"ဒါနဲ့ အခုတလော ကြားကြားနေရတဲ့ Crime Free Week ဆိုတာဘာလဲဗျ၊ ဒီစကားလုံးက ခင်ဗျားရှေ့ကပြောတာနဲ့ အံဝင်ခွင်ကျ သိပ်မဖြစ်လှဘူးထင်ပ"

"ဒါက ၂၀၀၅ခုနှစ် ဒီဇင်ဘာလမှာ စတင်အကောင်အထည်ဖော် ခဲ့တာ ဖြစ်တယ်။ လတစ်လတိုင်းမှာ သုံးရက်၊ ငါးရက်၊ တစ်ပတ် စသည်ဖြင့် မှုခင်းကင်းမဲ့ ရက်သတ္တပတ်ဖြစ်အောင် လှုပ်ရှားဆောင်ရွက် စေတာပါပဲ။ ပြီးတော့ အဲဒီမှုခင်းကင်းတဲ့ ရက်သတ္တပတ်ကိုလည်း လူနေသိပ်သည်းမှုများတဲ့ နေရာ၊ မှုခင်းဖြစ်ပွားမှုများတဲ့နေရာတွေကို ရွေးချယ်သတ်မှတ်ဆောင်ရွက်စေတယ်။ ဒါကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်က တိုက်ရိုက်ကွပ်ကဲ ဆောင်ရွက်တယ်။ လူရှိရင် အမှုရှိတယ် ဆိုပေမယ့် ရဲရဲ့လုပ်ငန်း စွမ်းဆောင်ရည်ကို မှတ်ကျောက်တင်ပြသရာလည်း ရောက်အောင် တစ်လမှာ သုံးလေးရက်လောက်တော့ မှုခင်းမဖြစ်အောင် ဒို့အစွမ်းကုန်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်ရေး သွတ်သွင်းချက်နဲ့ မိမိ အပိုင်နယ်မြေအတွင်း မှုခင်းမဖြစ်ပွားရေးအတွက် ကိုယ်ရောစိတ်ပါ ကြိုးစားအကာအကွယ်ပေး ဆောင်ရွက်စေတာဖြစ်တယ်၊ ဒီလိုလုပ်နေတဲ့ ကြားထဲက အမှုဖြစ်တာလည်းရှိချင်ရှိမှာပေါ့။ ဒါပေမယ့် စိတ်ပျက်စရာ မလိုဘူး၊ အမှုတက်မှာစိုးလို့ အမှုဖွင့်မပေးတာတို့၊ အမှုကို ထိမ်ချန် ထားတာတို့လုပ်ဖို့မလိုဘူး၊ လိမ်ညာနေဖို့လည်းမလိုဘူး။ တကယ့် ရည်ရွယ်ချက်က ဒီလုပ်ငန်းကို ရေရှည်လုပ်ပြီး အသားကျလာပြီဆိုရင် တစ်ချိန်ချိန်မှာမှုခင်းတွေ မုချလျော့နည်းကျဆင်းလာရမယ်လို့ ယုံကြည် ချက်နဲ့ လုပ်တာဖြစ်တယ်"

"ကောင်းပါ့ဗျာ၊ လှုပ်ရှားပုံလေးပြောပြပါဦး"

"အဲဒီလို သတ်မှတ်ရက်သတ္တပတ်မတိုင်မီ ကတည်းကိုက မိမိတို့ နယ်မြေအတွင်းမှာ လှည့်ကင်းပတ်ကင်း စိုးမိုးမှုတွေပိုမိုပြီးတော့ လှုပ်ရှား ဆောင်ရွက်တယ်၊ ထိရောက်တဲ့ ညှော့စာရင်းစစ်ဆေးခြင်းတွေလုပ်တယ်။ လူထုကြားထဲ ထိုးဖောက်ပြီး မှုခင်းအသိပညာပေး ဟောပြောမှုတွေ၊ မှုခင်းသတင်းလွှာ ဖြန့်ဝေမှုတွေ လုပ်တယ်။ မှုခင်းဖြစ်တတ်တဲ့ သဘာဝနဲ့ အချိန်ကာလ နေရာဒေသတွေအကြောင်း ရှင်းလင်းပြောပြပြီး သတိရှိကြဖို့ နှိုးဆော်တယ်။ မိမိတို့ မြင်သမျှ၊ သိသမျှ၊ ကြားသမျှ ထူးခြားမှုရှိရင် ရဲကိုသတင်းပေးဖို့ လှုံ့ဆော်ပြီး ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေ၊ လူပုဂ္ဂိုလ်တွေ၊ နေရာဌာနတွေ၊ လိပ်စာတွေပေးတယ်။ လူထုသွားလာ လှုပ်ရှားမှုများတဲ့ ဈေး၊ ကျောင်း၊ ကားဂိတ်၊ သင်္ဘောဆိပ်၊ ဘူတာ၊ ဆေးရုံ အစရှိတဲ့နေရာဝန်းကျင်တွေမှာ ရပ်ကင်း ဝပ်ကင်းတွေကို အင်အား ဖြည့်ပြီး နေ့ရောညပါချထားပေးတယ်။ အဲဒီအတွက် ရဲအင်အားနဲ့ချည်းပဲ မတတ်နိုင်တာကြောင့် ရဲတပ်ဖွဲ့ရဲ့ လှုပ်ရှားမှုတွေမှာ ကြက်ခြေနီ၊ မီးသတ်နဲ့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့တွေက ဝိုင်းဝန်းကူညီကြတယ်။ အဲဒီလိုလုပ်လိုက်တော့ ရလဒ်က ရဲနဲ့အတူ ပြည်သူလူထုတစ်ရပ်လုံး တကယ်ကိုပူးပေါင်းလာကြပြီဆိုတာလဲသိရော အခြေအနေမဲ့တွေ၊ ဒုစရိုက်ကျူးလွန်ဖို့အတွက် ချောင်းနေသူတွေ၊ တရားခံ ပြေးတွေ၊ ပြစ်မှုကျူးလွန်ဖို့ အလားအလာရှိသူတွေ အားလုံးဟာ လှုပ်ရှား နေတဲ့ ခွင်အတွင်းကနေ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားတော့ တာပဲ။ ဒီတော့ မှုခင်းဖြစ်ပွားမှုတွေဟာ သိသိသာသာလျော့နည်းကျဆင်း သွားတယ်။ ဖြစ်ပွားသမျှမှုခင်းတွေကိုလည်း ပြည်သူတွေသိအောင် ချက်ချင်း ထုတ်ပြန်အသိပေးပြီး တရားခံဖမ်းဆီးရမိရေးကို စူးစိုက်လုပ်ဆောင် လာပြန်တော့ ဒီပြစ်မှုကျူးလွန်တဲ့သူတွေ ဘယ်ခံနိုင်ပါ့မလဲဗျာ မိတာပေါ့။ ဒီလိုနဲ့ ရဲလုပ်ငန်းမှာ လူထုတစ်ရပ်လုံး နိုးကြားစွာ ပါဝင်လာမှုဟာ အရှိန်ရလာတယ်လို့ ဆိုရပေလိမ့်မယ်။ သာဓကအနေနဲ့ပြောရရင် ဒီမှုခင်းကင်းမဲ့ ရက်သတ္တပတ်အတွင်းမှာ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကူညီခဲ့မှုကြောင့် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့် မြို့နယ်အတွင်းက လူသတ် ပစ္စည်းလုယူသွားတဲ့အမှု၊ ၈၂ လမ်း လူသတ်မှု၊ ၂၅ လမ်းက သုံးလောင်ပြိုင် လူသတ်မှု၊ မရမ်းကုန်းမြို့နယ်က အငြိမ်းစားကျောင်းဆရာမ တစ်ဦး အသတ်ခံရမှု၊ အမျိုးသမီးတစ်ဦးကိုသတ်ပြီး ဒဂုံဆိပ်ကမ်းမြို့နယ်မှာ လာရောက်စွန့်ပစ်ထားတဲ့အမှုစတဲ့ အမှုများက ပြစ်မှုတရားခံတွေကို သက်သေခံပစ္စည်းများနဲ့တကွ အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ တယ်။

ဒီလိုပဲ လှိုင်သာယာမြို့နယ်အတွင်း အမေရိကန်ဒေါ်လာ နှစ်သောင်း ငါးထောင် ခြိမ်းခြောက်ယူဆောင်သွားတဲ့အမှု၊ ကျောက်တံတားမြို့နယ်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဆောင်ပုဒ်ကို အသေအချာ စဉ်းစားကြည့်လေဗျာ၊ "ကူညီပါရစေ"တဲ့။ ဘယ်သူ့ကို ကူညီမှာလဲဆိုတော့ ပြည်သူလူထုကို ကူညီမှာပေါ့။ လွယ်လွယ်ပြောရရင်တော့ ရဲကပြည်သူကို ကူညီမယ်ပေါ့ဗျာ။ ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်းစနစ်မှာကတော့ ရဲက လူထုအကူအညီကို အများကြီး လိုအပ်နေတယ်။ ဆိုရရင် ပြည်သူကလည်း ရဲကို ကူညီရမယ်ပေါ့ဗျာ။ ရဲက ပြည်သူကို ကူညီမယ်၊ ပြည်သူက ရဲကို ကူညီမယ်၊ ဒီတော့ သချာနည်းကျကျ စဉ်းစားအဖြေထုတ်လိုက်ရင် အဲဒါဟာ ပြည်သူက ပြည်သူကို ကူညီတာ ဖြစ်တယ်ဗျ။

မြန်မာ–ဂျပန် ကျောက်ဖြစ်ရုပ်ကြွင်း ကွင်းဆင်းလေ့လာရေးအဖွဲ့ မြိုင်မြို့နယ်အခြေပြု၍ ပုံတောင်ကျောက်လွှာစုများရှိ ရုပ်ကြွင်းများရှာဖွေ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာ–ဂျပန် ပုံတောင်ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့သည် ယဉ်ကျေးမှုဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ဗဟင်းဒေသကိုအခြေပြု၍ ပေါက်ကောင်း၊ သဒ္ဒတ်နှင့် ညောင်ပင်လယ်ကျေးရွာပတ်ဝန်းကျင်ရှိ ပုံတောင် ကျောက်လွှာစုများရှိရာ ကျစ်ချောင်များမှ အဆင့်မြင့် လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေခြင်းနှင့် ကျောက်ထရဗေဒဆိုင်ရာ တိုင်းတာခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၂ရက်မှ ၁၈ရက်အထိ ကွင်းဆင်းရှာဖွေလေ့လာခဲ့ကြသည်။

ကွင်းဆင်းအဖွဲ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးညွန့်အောင်၊ သုတေသနအရာရှိ ဦးအောင်အောင်ကျော်၊ ပညာရေးဝန်ကြီးဌာန မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန ကထိက ဒေါက်တာမောင်မောင်၊ သရုပ်ပြ ဦးဇင်မောင်မောင်သိန်းတို့ ပါဝင်ပြီး ဂျပန်ပညာရှင်အဖွဲ့တွင် ကျိုတိုပရိုင်းမိတ် သုတေသနဌာနမှ တွဲဖက်ပါမောက္ခ Dr. Masanaru Takai နှင့် အဖွဲ့ဝင်နှစ်ဦး ပါဝင်ကြသည်။

ကွင်းဆင်း လေ့လာရာမှ ညောင်ပင်လယ် ကျေးရွာအနီး အုန်းမြိုင်တောကျစ်ချောင် အမှတ်(၄)မှ ပုံတောင်ဂျီးယား ပရိုင်းမိတ်၏ ယာဘက်အောက်ရှေ့သွား အမှတ်(၂) တစ်ချောင်းနှင့်အတူ ရှဉ့်နှင့် ကြွက် မူလမျိုးနွယ်၊ ဝက် မူလမျိုးနွယ်၊ တောင်ဆိတ် မူလမျိုးနွယ်၊ ကြံ့ မူလမျိုးနွယ်၊ အသားစားသတ္တဝါတို့၏ သွား၊ မေးရိုးနှင့် အရိုးအပိုင်းအစများအပြင် သစ်ရွက်ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ပေ ၁၀၀ ခန့်ရှိသော အပင်ကျောက်ဖြစ်ရုပ်ကြွင်းတို့ကိုပါ ရှာဖွေ တွေ့ရှိခဲ့ကြသည်။ ကျောက်ဖြစ်ရုပ်ကြွင်း စုစုပေါင်း ၁၁၂ခုကို လွန်ခဲ့သောနှစ် သန်းပေါင်း ၃၇သန်းကျော် သက်တမ်းရှိသော ပုံတောင်ကျောက်လွှာစု အပေါ်ပိုင်းမှတွေ့ရှိခဲ့ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနတွင် အပ်နှံထိန်းသိမ်းထားမည်ဖြစ်သည်။

ယခုနှစ် တွေ့ရှိခဲ့သော ပုံတောင်ဂျီးယားပရိုင်းမိတ်၏ အောက်ရှေ့သွား အမှတ်(၂)သည် ပထမဆုံးအကြိမ်တွေ့ရှိခြင်းဖြစ်ပြီး အဆင့်မြင့် လူတူပရိုင်းမိတ်တို့၏ ဆင့်ကဲဖြစ်စဉ်ပြောင်းလဲမှုကိုလေ့လာရာတွင် များစွာအထောက်အပံ့ပြုနိုင်မည့် တွေ့ရှိချက်တစ်ရပ်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၉ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ကြီးမှူး၍ မြန်မာ–ဂျပန် ပုံတောင်ပရိုင်းမိတ်ကျောက်ဖြစ် ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့ဝင်များသည် အဆင့်မြင့် ပရိုင်းမိတ်များနှင့် ပတ်သက်သော ဆွေးနွေးပွဲ (Work Shop) တစ်ခုကို ကျင်းပခဲ့ရာ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာတင်သိန်း အမှူးပြုသော ဘူမိဗေဒပညာရှင်များ၊ အမျိုးသားပြတိုက်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရန်ကုန် – မန္တလေး ကားလမ်း ပျဉ်းမနားမြို့နယ် အနီး၌လည်း ကျစ်ချောင်မြေ အများအပြားတွေ့ရှိရပြီး အဆိုပါ ဒေသများမှလည်း အပင်ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိထားသဖြင့် အနာဂတ် ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေသုတေသနပြုရေးအတွက် နယ်မြေသစ်များအဖြစ် သတ်မှတ်ဆောင်ရွက် သွားနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)



ယာဘက်အောက်ရှေ့သွား

အုန်းမြိုင်တောကျစ်ချောင် အမှတ်(၄)မှ တွေ့ရှိခဲ့ရသော ပုံတောင်ဂျီးယား ပရိုင်းမိတ်၏ ယာဘက်အောက်ရှေ့သွား အမှတ်(၂)ကို တွေ့ရစဉ်။ (ယဉ်ကျေးမှု)

အမြဲစည်းလုံး ဤကျင့်ထုံး

☆ ဘယ်သူခွဲခွဲ ဒို့မကွဲ
အမြဲစည်းလုံး၊ ဤကျင့်ထုံးကို
နှလုံးပိုက်သွင်း၊ ဒို့ပြည်တွင်းမှာ
လက်ငင်းကျင့်သုံးနေပါ၏။

☆ ဘယ်သူခွဲခွဲ ဒို့မကွဲ
အမြဲစည်းလုံး၊ ဤကျင့်ထုံးကို
နှလုံးပိုက်သွင်း၊ အိမ်နီးချင်းတို့
လက်ငင်းကျင့်သုံးနေပါ၏။

☆ ဘယ်သူခွဲခွဲ ဒို့မကွဲ
အမြဲစည်းလုံး၊ ဤကျင့်ထုံးကို
နှလုံးပိုက်သွင်း၊ ဒေသတွင်းက
ချင်းချင်းနိုင်ငံ၊ အာဆီယံမှာ
ပုံမှန်ကျင့်သုံးနေပါ၏။

☆ ဤသည့်ကျင့်စဉ်၊ မြန်ပြည်ခွင်
အစဉ်ငြိမ်းချမ်းစေလိမ့်တည်း။

☆ ဤသည်ကျင့်စဉ်
ဝန်းကျင်မြန်မာ၊ မိတ်သဟာ
ရှည်ကြာငြိမ်းချမ်းစေလိမ့်တည်း။

☆ ဤသည့်ကျင့်စဉ်
ရပ်ခွင်ဒေသ၊ အာဆီယံ
အမှန်ငြိမ်းချမ်းစေလိမ့်တည်း။ ။

ဖိုးဝ

ကိုယ်တွေ့ဉာဏ်မြင် တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်များနှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ–အုံ့ကြီး)က ဗိုလ်တထောင်စေတီတော်၏ ဆိပ်ကမ်းလုပ်သားများဓမ္မာရုံတွင် မတ် ၁ ရက်မှ ၇ရက်အထိ ညနေ ၆ နာရီမှ ၇ နာရီခွဲအတွင်း၊ ပုဇွန်တောင်မြို့နယ် အမှတ် (၇)ရပ်ကွက် လိပ်ကန်လမ်းရှိ အိုးဘိုဓမ္မာရုံတွင် မတ်၁၅ရက်မှ ၂၁ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအတွင်း၊ ကျောက်တံတားမြို့နယ် ၃၈လမ်း အလယ်ဘလောက်ရှိ မင်္ဂလာဓမ္မာရုံတွင် မတ် ၂၃ရက်မှ ၂၉ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း သမထ–ဝိပဿနာတရားတော်များကို ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ဆိုက် ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က–ပ)

ထားဝယ်အသင်း (ရန်ကုန်)၏ ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက်က ပန်ဒါဟိုတယ်၌ကျင်းပရာ အသင်းသူ ထပ်ဆင့်အကယ်ဒမီ စိုးမြတ်နန္ဒာအား ဥက္ကဋ္ဌဦးခင်စိုး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

ခရမ်းမြို့နယ် နာရေးကူညီမှုအသင်းအတွက် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းနေ ကိုသန်းလွင်နှင့်ညီများ ကုန်သေတ္တာပို့ဆောင်ရေးက အလှူငွေကျပ်တစ်သိန်းကို အသင်းအကြံပေးအဖွဲ့ဝင် ဒေါ်အမာကြည်ထံပေးအပ်လှူဒါန်းစဉ်။ (က–ပ)

☆ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

အတွင်း ငွေကျပ် သိန်းသုံးရာငါးဆယ်ကျော် ဖောက်ထွင်းခံရမှုနဲ့ အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များအတွင်း စက်ဘီးလှည့်ခိုးနေတဲ့ ဂိုဏ်းကတရားခံများကို ခိုးရာပါစက်ဘီး ၄၇စီးနဲ့အတူ တသီကြီး ဖော်ထုတ်နိုင်ခဲ့တယ်။ နယ်မြို့တွေမှာလည်း အလားတူ အောင်မြင်မှုတွေရှိတယ်။ မကွေးတိုင်းအတွင်းမှာ ဘုရားခိုးဂိုဏ်းကို အုံလိုက်ကျင်းလိုက် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သလို မန္တလေးတိုင်းမှာလည်း မိတ္ထီလာဈေးအတွင်း ရွှေဆိုင်ကရွှေထည်တန်ဖိုးကျပ် ၇၅ သိန်းကျော် ပျောက်ဆုံးမှု၊ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်က ရွှေ၊ ငွေကျပ် ၃၂၅ သိန်းကျော် ဖောက်ထွင်းခံရမှု၊ မဟာဇေယျာဘုံရပ်ကွက်က ရွှေ၊ ငွေကျပ် ၅၆၂ သိန်းကျော် အဖောက်ခံရမှု၊ ချမ်းမြသာစည်မြို့နယ်အတွင်း ရွှေဆွဲကြိုး ခြောက်ကျပ်သား အလုခံရမှုစတာတွေက တရားခံများကိုလည်း သက်သေခံပစ္စည်းများနဲ့တကွ လက်ပူးလက်ကြပ် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တယ်။ ဒါတင်ကရိုးလားမောင်ရာ ပြည်ကြီးတံခွန်မြို့နယ်အတွင်း ဖုန်းကြိုးတွေအခိုးခံရမှု၊ အောင်မြေသာစံမြို့နယ်အတွင်း အမေရိကန်နိုင်ငံသားနှစ်ဦးကို ကျောက်မျက်လိမ်လည်ရောင်းသွားမှု၊ ဘဏ်ကငွေထုတ်လာသူတွေကို ဆိုင်ကယ်များအသုံးပြုလုယက်မှု အားလုံးကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့တယ်။ မန္တလေးမြို့မှာ အစဉ်အဆက် သောင်းကျန်းနေခဲ့တဲ့ ဆိုင်ကယ်ခိုးဂိုဏ်းကို ဆိုင်ကယ် ၂၇စီးနဲ့အတူ ဖမ်းဆီးရမိခဲ့တဲ့အပြင် စက်ဘီးခိုးဂိုဏ်းကိုလည်း ခိုးရာပါစက်ဘီး ၁၇စီးနဲ့အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တယ်။ အခြားအခြားသော အောင်မြင်မှုတွေကို ပြောပြနေရရင် တစ်ထောင့်တစ်ညပုံပြင်ဖြစ်နေလိမ့်မယ်။ ဆုံးမှာမဟုတ်တော့ဘူး။ အဲ–ထူးခြားမှုကတော့ မှုခင်းနှိမ်နင်းရေးလုပ်ငန်းမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုတွေ အံ့မခန်းတိုးတက်လာတာပဲဖြစ်တယ်။ တစ်နေ့ကများ လသာမြို့နယ် ရွှေဆိုင်တစ်ခုကနေ ရွှေဆွဲကြိုးလုပြေးတာကို အော်ဟစ်ပြီး ဝိုင်းဖမ်းလိုက်တာ ၁၀ မိနစ်တောင်မကြာပါဘူးဗျာ တရားခံကို သက်သေခံပစ္စည်းနဲ့အတူ ချက်ချင်းကွိခနဲမိတာပဲ။ ပြန်သုံးသပ်လိုက်ရင် ပြည်သူတွေကမှုခင်းအသိတွေ၊ သတိတွေလည်းရှိမယ်။ မိမိပတ်ဝန်းကျင်ကို နားမျက်စိဖွင့်ကြည့်နေပြီး ရဲတပ်ဖွဲ့ကြီးနဲ့အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်ဆိုရင် ဒုစရိုက်သမားတွေအတွက် နေရာပျောက်ပြီဆိုတာကတော့ သေချာတယ်။

“အင်း ခင်ဗျားပြောသလို ပြည်သူပါမှ အောင်ပွဲရ ဆိုတာကတော့ အတိအကျအသေအချာပေါ့ဗျာ။ ရဲကပြည်သူကိုကူ၊ ပြည်သူက ရဲကိုကူ ဆိုတာကို အနှစ်ချုပ်လိုက်ရင် ပြည်သူ့လုံခြုံရေးကိုပြည်သူက ဝိုင်းဝန်းတာဝန်ယူကြတာပါပဲ။ အဲဒီလိုလူမှုအဖွဲ့အစည်းကို ထူထောင်ကြရာမှာ ပူးပေါင်းပါဝင်ကြဖို့ ပြည်သူတစ်ရပ်လုံးကိုနှိုးဆော်တိုက်တွန်းရမှာပေါ့ဗျာ”

“နေဦး၊ တစ်ခုကျန်သေးတယ်ဗျ။ အခုဆိုရင် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက် အလုပ်အကျွေးပြုဖို့ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အထက်အကြီးအကဲတွေရဲ့ စီစဉ်ဆောင်ရွက်ပေးမှုနဲ့ ခွင့်ပြုချက်များအရ သက်သေခံပစ္စည်းတွေကို ဓာတ်ပုံရိုက်မှတ်တမ်းတင်၊ တရားသူကြီးရဲ့ ကြိုတင်စိစစ်ခွင့်ပြုချက်ရယူပြီး ပိုင်ရှင်တွေဆီချက်ချင်းပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို တာဝန်ရှိသူတွေ ရှေ့မှောက်မှာ စနစ်တကျအခမ်းအနားနဲ့ ကျင်းပပြုလုပ်ပေးတာကြောင့် ရဲတပ်ဖွဲ့ကလည်း သက်သေခံပစ္စည်း မပျောက်ပျက်အောင် ထိန်းသိမ်းနေတဲ့တာဝန်လျော့ပါးသွားသလို ပစ္စည်းရှင်တရားလိုဖြစ်တဲ့လူထုကလည်း ဝမ်းသာကြည်နူးမှုဖြစ်ရတာပေါ့။ ဒါဥပဒေနဲ့အညီ စည်းကမ်းဘောင်အတွင်းကနေ အတတ်နိုင်ဆုံးပြည်သူ့အကျိုးသယ်ပိုးပေးတာပဲလို့ဆိုရမှာပဲ။ ဒီစနစ်ကို အမြစ်ခိုင်အောင် ဆက်လက်ကျင့်သုံးအကောင်အထည်ဖော်ရင် ရဲလုပ်ငန်းအပေါ် လူထုက ပိုမိုအမြင်ကြည်လာမှာ အမှန်ပဲ”

“အင်း–ဒါလည်း ခင်ဗျားပြောလို့ကြားရတာအပြင် လက်တွေ့ကျကျ သက်သေခံပစ္စည်း ပြန်လည်ပေးအပ်ပွဲတွေလုပ်နေတာ မြင်ရပါတယ်။ ဒီအတွက် ဝိုင်းဝန်းစီစဉ်ဆောင်ရွက်ပေးကြတဲ့ တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ အပါအဝင် တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ကြရမှာပေါ့။ ဘာပဲဖြစ်ဖြစ်လေ ဒီဖြစ်စဉ် ဒီလုပ်ရပ်တွေက ကုသိုလ်တရားဖြစ်တဲ့ ကောင်းမြတ်သောလုပ်ရပ်တွေမို့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါပေတယ်။ ဒီသတင်းကောင်းတွေကိုလည်း ပြည်သူ့ဆီအရောက် ဖောက်သည်ချပေးလိုက်ပါ့မယ်။ ကဲ––ကဲ၊ နောက်မှ ထပ်တွေ့ကြမယ်။ သွားဦးမယ်ဗျို့”။ ။

လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး၏ အရံစေတီတော်ရှစ်ဆူ ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကျင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကြည်ညို

ရွှေထီးတော် တင်လှူပူဇော်

လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး၏ အရံစေတီတော်ရှစ်ဆူ ရွှေထီးတော် တင်လှူပူဇော်ပွဲတွင် ရှမ်းပြည်နယ် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ရွှေထီးတော်တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး၏ အရံစေတီတော်ရှစ်ဆူ ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၆နာရီခွဲတွင် အဆိုပါ စေတီတော်အနီးရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်ကြည်ညိုကြပြီး ရွှေထီးတော်ကို တင်လှူပေးကြသည်။

တက်ရောက်

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ လားရှိုးမြို့ ကန်မိန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒ အမှူးပြုသော ပင့်သံဃာတော် ၅၄ ပါးတို့ ကြွရောက် ချီးမြှင့်တော်မူကြပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းများ၊ အလှူရှင်များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နံနက် ၅နာရီခွဲတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီး၊ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဂီတအစည်းအရုံးမှတေးသံရှင် ဒေါ်ထားထားက ထူးမခြားနားရောင်ခြည်တော်ဘွဲ့ သီချင်းခန့်ဖြင့် သီဆိုပူဇော်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ လားရှိုးမြို့ ကန်မိန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒထံမှ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်များထံ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး၏ အရံစေတီတော်ရှစ်ဆူ ရွှေထီးတော် တင်လှူပူဇော်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်သြဝါဒါစရိယ ကန်မိန်းကျောင်းတိုက် ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်ကပ်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်မြတ်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဇနီး ဒေါ်ခင်သန့်စင်တို့သည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး၏ အရံစေတီတော်ရှစ်ဆူတို့အား ရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်သြဝါဒါစရိယ ကန်မိန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒာထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်နှင့် အဖွဲ့ဝင်များက အရံစေတီတော်များတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ လားရှိုးမြို့ မဟာဗောဓာရုံကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနာရဒက အနုမောဒနာတရား ချီးမြှင့်တော်မူရာ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်ခြင်းနှင့် တင်လှူပူဇော်ခြင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဗုဒ္ဓဟူးအရပ်ရှိ အရံစေတီတော်၌ တင်လှူပူဇော်ရန် စိန်ဖူးတော်ကိုလည်းကောင်း၊ တိုင်းမှူး၏ ဇနီး ဒေါ်ခင်သန့်စင်က ငှက်မြတ်နားတော်ကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စနေအရပ်ရှိ အရံစေတီတော်၌ တင်လှူပူဇော်ရန် စိန်ဖူးတော်ကို လည်းကောင်း၊ တာဝန်ရှိသူများက ကျန်အရပ် မျက်နှာများရှိ အရံစေတီတော်များ၌ တင်လှူပူဇော်ရန် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို လည်းကောင်း ပင့်ဆောင်ကြပြီး ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦး စေတီတော်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည် ပူဇော်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အရံစေတီတော်ရှစ်ဆူတို့၏ ငြမ်းအထက်သို့ အသီးသီးတက်ရောက်နေရာယူကြပြီး ပထမဘုံအဆင့်ကိုစတင်၍ ရွှေထီးတော်ကို တင်လှူ ပူဇော်ပေးကြရာ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က "ဇယန္တော ဗောဓိယာမူလေ" ဂါထာကို သုံးကြိမ် ရွတ်ဆိုပူဇော်ကြသည်။

တင်လှူပူဇော်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒုတိယဘုံနှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ ဆက်လက် တင်လှူပူဇော်ကြပြီး ရွှေထီးတော်၊ စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး အောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်အနီးရှိ ရတနာဗောဓိပင်ပျိုကို မြေဆီမြေဩဇာများ၊ ရေစင်ရေသန့် ရေကောင်းများနှင့် အမွှေးနံ့သာများဖြင့် သွန်းလောင်းပူဇော်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပင်မစေတီတော်ကြီး၏ လိုဏ်ဂူအတွင်း အချောကိုင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဇနီး ဒေါ်ခင်သန့်စင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်အဝင် လမ်းမကြီးအနီးတွင် အုန်းပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သုခမင်္ဂလာ ဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး လုပ်ငန်းခွင်အနီး ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တည်ဆောက်ရေး တာဝန်ခံ အေးရှားဝေါလ်ကုမ္ပဏီ လီမိတက် ဒါရိုက်တာ ဦးမောင်ကျေးက အလျားပေ ၁၄၀၊ အနံပေ ၆၀၊ အမြင့် ၃၆ပေရှိ သာသနာ့ဗိမာန်တော် ပင်မ အဆောက်အအုံသစ် ဆောက်လုပ်မည့် အစီအစဉ်များကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူး၊ ဝန်ကြီးတို့က လုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

အုတ်မြစ်တော်စီ

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦး စေတီတော်ကြီးအနီး သုခမင်္ဂလာ ဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များက အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား ကျင်းပရာပန္နက်တော်တင်လှူမည့်အရပ်မျက်နှာအသီးသီး၌ နေရာယူကြကာ အုတ်မြစ်အလယ်ဗဟိုတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ပတ္တမြားရတနာ အုတ်မြစ်တော်ကို လည်းကောင်း၊ အရှေ့တနင်္လာထောင့်တွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စိန်ရတနာ အုတ်မြစ်တော်ကိုလည်းကောင်း၊ ကျန်အရပ်မျက်နှာအသီးသီးတွင် တာဝန်ရှိသူများက ရတနာ အုတ်မြစ်တော်များကို လည်းကောင်း အုတ်မြစ်တော်စီပေးကြသည်။

ရွှေမိုးငွေမိုး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရတနာအုတ်မြစ်တော်များကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းကာ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ငွေမိုးရွာသွန်းဖြိုးပေးကြသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၃ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဇနီးတို့ ဘရူနိုင်းဒါရူဆလမ် နိုင်ငံ၏ (၂၂)နှစ်မြောက် အမျိုးသားနေ့ညစာ့ခံပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသံရုံးယာယီတာဝန်ခံ Mr. Haji Aizul Abdul Aziz ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ရှေးဦးစွာ သံတမန်အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများနှင့် ဧည့်သည်တော်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးမှု မှတ်တမ်းဓာတ်ပုံများ၊ ကြက်ဆူဆီသုံး မီးဖို၊ ဆီမီးခွက်၊ ကြက်ဆူစေ့အခြောက်၊ ကြက်ဆူသီးအစိမ်းတို့ကို ကြည့်ရှုကြပြီး ကြက်ဆူစေ့နှင့် ကြက်ဆူကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

တက်ရောက်အားပေး

ဆက်လက်၍ ဧည့်သည်တော်များသည် ခြံစည်းရိုး ကြက်ဆူမျိုးကိုင်း၊ ပျိုးခင်း၊ ကြက်ဆူစေ့ပျိုးခင်းတို့ကိုလည်းကောင်း၊ ခြံစည်းရိုးကြက်ဆူဆီဖြင့် ကျေးလက်မီးလင်းရေး သရုပ်ပြ ပြသထားမှု၊ ကြက်ဆူဆီကြိတ်စက်၊ ပြောင်းအစေ့ခွဲစက်၊ ပြောင်းစေ့အရွယ်အစား ရွေးစက်၊ အိမ်သုံးမီးဖို၊ မီးအိမ်ဆီမီးခွက်များကို ကြက်ဆူဆီဖြင့် လည်ပတ်ထွန်းညှိမှု၊ ကြက်ဆူစေ့အခြောက်၊ ကြက်ဆူသီးအစိုတို့ကို ကြည့်ရှုအားပေးကြပြီး မျိုးသန့်မျိုးပွား စံပြဧက ၁၀၀ စိုက်ခင်းအတွင်း ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို တက်ရောက်အားပေး၍ ဒေသခံတိုင်းရင်းသားများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့်အတူ ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက်သံတမန်အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများအား စံပြစိုက်ခင်း ရှင်းလင်းဆောင်၌ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး မျိုးချစ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ခြံစည်းရိုးကြက်ဆူ ပင်ဧက ငါးသိန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားရန် စီမံချက်ချဆောင်ရွက်နေမှု၊ လုပ်ငန်းရှင်များ၊ တောင်သူများ၊ ဒေသခံပြည်သူများပါ ပါဝင်စိုက်ပျိုးနိုင်ရန် မျိုးစေ့နှင့် မျိုးကိုင်းများ မျိုးပွားစုဆောင်းပြီး ဖြန့်ဝေရန် စီစဉ်ထားမှု၊ ယနေ့အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ခြံစည်းရိုးကြက်ဆူဧက ၁၃၆၀၀ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သံတမန်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၊ ဧည့်သည်တော်များသည် စံပြစိုက်ခင်းများမှ ထွက်ရှိသည့် ဆင်းရွှေလီ ပျားလိမ္မော်၊ နာနတ်၊ နေကြာ၊ ဆီထွက်နေကြာ နမူနာများကို လည်းကောင်း စံပြစိုက်ခင်းအတွင်း ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း လှည့်လည် ကြည့်ရှုအားပေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပျိုးထောင်ထား

အဆိုပါ မျိုးသန့်မျိုးပွားစံပြဧက ၁၀၀ စိုက်ခင်းတွင် နာနတ်ပင် ၅၀၀၀၀၊ ခြံစည်းရိုး ကြက်ဆူမျိုးကိုင်းအပင် ၅၀၀၀၀၊ လိုင်ချီးအပင် ၁၀၀၀၊ ပျားလိမ္မော်အပင် ၁၈၀၀ စိုက်ပျိုးထားပြီး တောင်သူများ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများအား ဖြန့်ဖြူးနိုင်ရန် ခြံစည်းရိုး ကြက်ဆူပင် မျိုးစေ့နှစ်သန်းလေးသောင်း၊ ကြက်ဆူပင်မျိုးကိုင်း တစ်သိန်းနှစ်သောင်း ပျိုးထောင်ထားကြောင်း သိရှိရသည်။

ယင်းမှတစ်ဆင့် သံတမန်အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများသည် လားရှိုးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

✪ ကျောဖုံးမှ

ယင်းနောက် တိုင်းမှူးသည် ကျောင်းဝင်းအတွင်း မိုးကုတ်ဝိပဿနာ တရားစခန်းဝင်လျက်ရှိသည့် သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင်များနှင့် ယောဂီများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျောင်းတိုက်ဝင်းအတွင်း စေတီတော်တည်ဆောက်ရေး လုပ်ငန်းများ၌ လုပ်အားဒါန ကုသိုလ်ပါဝင် လုပ်အားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် မော်ဝမ်းရပ်ကွက် လွတ်လပ်ရေး ကျောက်တိုင်ဝင်းအတွင်း၌ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဌာနဆိုင်ရာ ပြခန်း ဖွင့်လှစ်ပြသမှုနှင့် တိုင်းရင်းသားရိုးရာ စားသောက်ဖွယ်ရာ ရောင်းချပွဲကို လှည့်လည်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် တာဝန်ရှိသူများ၊ ကျောက်မျက်လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးနှင့် ကျောက်မျက်တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဒေသတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ဒေသဝမ်းစာဖူလုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းအမှာစကားပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဖားကန့် စည်ပင်သာယာဈေးအတွင်း လှည့်လည်ကြည့်ရှုပြီး ဈေးသူ၊ဈေးသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများ ပြောကြားသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ဖားကန့်မြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်လူနာများအား နယ်လှည့် ပြည်နယ်အထူးကုဆရာဝန်ကြီးများက အခမဲ့ ဆေးကုသနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီး ကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက မျက်စိဝေဒနာရှင်များအတွက် ဆေးဝါးနှင့် မျက်မှန်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဖားကန့်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ကချင်အထူးဒေသ(၂)မှ ဦးအင်ဘန်လက ငွေကျပ်သိန်း ၂၀၊ ဂျိတ်လင်းန်ကုမ္ပဏီမှ ဦးယွတ်ဇော်ခေါင်နှင့် ဇနီး ဒေါ်ရှုဒေါင်ခေါ်န်တောင် မိသားစုက ငွေကျပ်ငါးသိန်း၊ လုပ်ငန်းရှင်ဦးသိန်းလွင်-ဒေါ်အားလီမိသားစုက ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာမောင်မောင်မြင့်နှင့် အထူးကုဆရာဝန်ကြီးများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးသည် လုံးခင်းကျေးရွာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကျင်းပသည့် လုံးခင်းဈေး ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်က ကတ္တရာလမ်းသစ်ခင်းကျင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လုံးခင်းကျေးရွာမှ ပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ဆန်းညွှန့်ဦး၊ ဖားကန့်မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ထွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ပေရှိပြီး ငွေကျပ် ၃၉ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍တိုင်းမှူးသည် လုံးခင်း တံတား ခိုင်ခံ့မှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လုံးခင်း အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ သွားရောက်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် တိုင်းမှူးသည်လုံးခင်း ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပြုစုပျိုးထောင်ထားသည့် ကြက်ဆူကြား (အနီ) မျိုးစေ့ ၁၅၀၀၊ ခြံစည်းရိုးကြက်ဆူ မျိုးစေ့ ၁၆၀၀ နှင့် ကြက်ဆူကြား ပျိုးကိုင်း ၃၅၇ ပင်၊ ခြံစည်းရိုး ကြက်ဆူ ပျိုးကိုင်း ၁၆၀၀ နှင့် ကြက်ဆူပျိုးကိုင်း ၃၅၇ ပင်၊ ခြံစည်းရိုး ကြက်ဆူပျိုးကိုင်း ၁၆၀၀ ပင် ဖြစ်ထွန်းနေမှုကိုလှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် မြစ်ကြီးနား-ဖားကန့် ကားလမ်းတစ်လျှောက်ရှိ လမ်းပိုင်းနှင့် တံတားများ ဖောက်လုပ်ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအားမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မြစ်ကြီးနားမြို့၊ သာသနာ့ဗိမာန်၌ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှု အားပေးပြီးနောက် ဆုရအသင်းများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၆-၂-၂၀၀၆)ရက်နေ့
၂၀၀၆ ခုနှစ် မတ်လအတွက်
(၁၂-၃-၂၀၀၆)ရက်နေ့
နှင့်
(၂၆-၃-၂၀၀၆)ရက်နေ့

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သို့ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၇ ရက်တွင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဧည့်ခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့၏ ဒေသတွင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများ ကုသရေး လုပ်ငန်းစဉ်တွင် အသုံးပြုရန် ငွေကျပ်သိန်း ၃၀ ကို အလှူရှင်များဖြစ်ကြသော ဦးအောင်နိုင်နှင့် ဦးအောင်ကျော်နိုင်တို့ကလည်းကောင်း၊ မြန်မာဒေရီကုမ္ပဏီလီမိတက်က တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ရန်ပုံငွေအဖြစ် လှူဒါန်းငွေကျပ် ၁၅ သိန်းနှင့် အစားအစာပစ္စည်းများကို ကုမ္ပဏီမှ ကိုယ်စားလှယ် ဦးအောင်နိုင်က လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ကူညီပေးသွားမည်

ထို့နောက် တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းအောင်က ကျေးဇူးတင်စကား ပြောကြားသည်။ မြန်မာဒေရီကုမ္ပဏီ လီမိတက်သည် လှူဒါန်းငွေများနှင့်အတူ အသင်း၏ လှုပ်ရှားမှုတွင် အသုံးပြုရန် အာဟာရမှုန့် ၉၆ ထုပ်၊ သကြားလုံး ၁၂၀ ထုပ်နှင့် နို့ဆီ ၄၈ လုံးတို့ကို ပေးလှူခဲ့သည့်အပြင် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့တွင် ဧရာဝတီတိုင်းအတွင်းမှ စအို မပါသော ကလေးငယ် လေးဦးတို့ ခွဲစိတ်ကုသခံယူနေမှုအတွက် လိုအပ်သော ကိစ္စအဝဝကို တာဝန်ယူ ကူညီပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ ဒေသတွင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကုသရေး လုပ်ငန်းစဉ်တွင် အသုံးပြုရန် အလှူရှင် ဦးအောင်နိုင်နှင့် ဦးအောင်ကျော်နိုင်တို့က ငွေကျပ်သိန်း ၃၀ ကိုပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်းဆိုင်ရာ လေ့ကျင့်ပျိုးထောင်ရေးနှင့် နည်းပညာသင်ယူရေး အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ လေ့ကျင့်ပျိုးတောင်ရေး အေဂျင်စီ (Japan International Training (Cooperation Organization) (JITCO) တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဂျပန်နိုင်ငံ၌ စက်မှုလုပ်ငန်းဆိုင်ရာ လေ့ကျင့်ပျိုးထောင်ရေးနှင့် နည်းပညာ သင်ယူရေး အစီအစဉ် (Industrial Training and Technical Internship Program in Japan) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)၌ ကျင်းပရာ အလုပ်ရုံဆွေးနွေးပွဲသို့ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ JITCO မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရှိ ပြည်ပအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စကားပြောကြား

ရှေးဦးစွာ JITCO မှ Senior Manager Ryosei Suzuki က အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Second Secretary Mr. Tomafumi Yokoyama တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဂျပန်နိုင်ငံမှ JOHO Cooperative, Kantsu Kokusai Koryu Cooperative Association, Tokyo Entrpreise Information Management Cooperative Society တို့နှင့် မိတ်ဆက်ပေးကြသည်။ ဆက်လက်၍ Mr.Ryosei Suguki က Industrial Training and Internship Programme and Roles of Sending Organizations ခေါင်းစဉ်ဖြင့် ဆွေးနွေး ပြောကြားသည်။

ဖြေကြား

ထို့နောက် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လေးက လိုအပ်သည်များကို ထပ်မံဖြည့်စွက် ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသည့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံ၌ စက်မှုလုပ်ငန်းဆိုင်ရာ လေ့ကျင့်ပျိုးထောင်ရေးနှင့် နည်းပညာသင်ယူရေး အစီအစဉ် အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Second Secretary, Mr. Tomajumi Yokoyama အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၂၀ ၈။ အကပြိုင်ပွဲ
- ၈:၂၅ ၉။ မန်ချောင်းတံတား
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ English for Everyday Use
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၂၅ ၇။ အတီးပြိုင်ပွဲ
- ၅:၃၀ ၈။ **“အမွန်မြတ်ဆုံးလက်ဆောင်” (နေရဲလင်း၊နှင်းဉ၊ မေနှံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ–မောင်မောင်မြင့်)**
- ၅:၄၅ ၉။ နှောင်းခေတ်တေးပဒေသာ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရောင်စဉ်မေတ္တာ” (အပိုင်း–၈)**
- ၇:၄၅ ၁၄။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ(အပိုင်း–၂၀)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “နှင်းဆီအိပ်မက်” (အပိုင်း–၁၀)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

☆ ကျောဖုံးမှ

စီမံကိန်းတာဝန်ခံ ဦးစောထွေးလေးနှင့် ဦးစောထွန်းဦးတို့က ဒေသတွင်း မြေနေရာရယူ၍ ပုစွန်ကျားမွေးမြူရေးဆောင်ရွက်နေမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ရေငန်ပုစွန်ကျားမွေးမြူရေးကန်များကို လှည့်လည်ကြည့်ရှု အားပေးသည်။ ဧရာဝတီဖွံ့ဖြိုးရေး ရေလုပ်ငန်းလီမိတက်သည် ဝက်သေနှင့် အုန်းချောင်းကျေးရွာအနီး ပင်လယ်ကမ်းခြေဒေသတွင် မြေနေရာ ၁၄၅ဧက ရယူ၍ ပုစွန်ကျားမွေးမြူရေးကို ဆောင်ရွက်လျက်ရှိရာ လိုင်နာဖျင်အခင်းအသုံးပြု တစ်ဧကပြုစုကန် ခြောက်ကန်၊ အသားထိုးနှစ်ဧကကန် ၂၀၊ စုစုပေါင်း ၂၆ကန် တူးဖော်၍ ပုစွန်များအသားတိုးမွေးမြူလျက်ရှိပြီး စီမံကိန်းလျာထားချက် ပြည့်မီ ရေးအတွက် မွေးမြူရေးကန် ၂၆ကန် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ငွေဆောင်မြို့ မြို့နယ်ရုံးဝင်းအတွင်းကျင်းပသည့် ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးထောင်ပွဲသို့ တက်ရောက်အားပေး အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းစိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးမျိုးဝေနှင့် စက်မှု လယ်ယာ ဦးစီးဌာန တိုင်းဦးစီးမှူးတို့က ခြံစည်းရိုးကြက်ဆူပင်များအား နေရာ မရွေးစိုက်ပျိုးနိုင်ပုံနှင့် အသုံးဝင်မှုများကို အပင်နမူနာ၊ဆီနမူနာများဖြင့် ရှင်းလင်း ဆွေးနွေးပြောကြား၍ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် တိုင်းမှူးက ခြံစည်းရိုးကြက်ဆူကိုင်းပျိုးပင်ကို သတ်မှတ်နေရာတွင် စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများ၏ သတ်မှတ်နေရာများတွင် ကြက်ဆူပင်စိုက်ပျိုးခြင်းနှင့် ပျိုးဥယျာဉ်တွင် ပျိုးကိုင်း နှင့်မျိုးစေ့များထည့် သွင်းပျိုးထောင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကိုလှည့်လည် ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒေသခံတောင်သူများအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းများက ကြက်ဆူဆီဖြင့် လယ်ယာသုံး စက်ကိရိယာများမောင်းနှင်ပြသခြင်း၊ ကြက်ဆူဆီဖြင့်မီးခွက်ထွန်းညှိခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်စက်လည်ပတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ပြသမှုကို ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများ၏ သိလို၍ မေးမြန်းချက်များအပေါ် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဖြေကြားဆောင်ရွက်ပေး သည်။

ပုသိမ်ခရိုင်အနေဖြင့် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူဧက ၁၂၀၀၀ စိုက်ပျိုးရန် နှစ်အလိုက်လျာထားစီမံဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့နောက်တိုင်းမှူးသည် ရွှေသောင်ယံမြို့၊ လမ်းတံတားနှင့်ရပ်ကွက်များ ဖွဲ့စည်းတည်ရှိမှုအခြေအနေကိုလည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အဆောက်အအုံသစ်နှင့် မြို့နယ်ပြည်သူ့ဆေးရုံတစ်ထပ် အဆောက်အအုံသစ်တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ရွှေသောင်ယံမြို့ အခြေခံပညာ အထက်တန်း ကျောင်းခွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကိုးမိုင် အရှည်ရှိ ရွှေသောင်ယံ–ချောင်းသာ ကားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောက်မောင်နှမ ကျေးရွာအနီး ပင်လယ်ကမ်းခြေတွင် မြေနေရာ ရယူတည်ဆောက်လျက်ရှိသော Grand Hill Villa ဟိုတယ် တည်ဆောက်ရေးစီမံကိန်းသို့ လည်းကောင်း၊ ချောင်းသာ ကျေးရွာအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှု အခြေအနေနှင့် ဟိုတယ်များရှေ့ရှိလမ်းအား ၂၄ ပေ အကျယ် တိုးချဲ့ဆောင်ရွက်ထားရှိမှု၊ ပလက်ဖောင်းများ ဆောင်ရွက်မှုအခြေအနေများကိုလည်း ကောင်းလှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

အသက်(၂၀)အောက် ကွင်းပိတ်ဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/ အခွန်နှင့် အားကစားဝန်ကြီးဌာနတို့ ဗိုလ်လုမည်

အုပ်ချုပ်သူ ဦးမောင်မောင် ရှင်းလင်းပြောကြားစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ထူးချွန်သော လူငယ်မျိုးဆက်သစ်ဘောလုံးသမားများ ပေါ်ထွက်လာရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပထမအကြိမ် အသက်(၂၀)အောက် အမှတ်ပေးဘောလုံးပြိုင်ပွဲကို ၂၀၀၅ခုနှစ် နိုဝင်ဘာ ၅ရက်မှ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၂ရက်အထိ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် စလင်းကွင်း၌ နှစ်ကျော့ကျင်းပခဲ့သည်။

အဆိုပါ အမှတ်ပေးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းက ၁၄ ပွဲ ကစား၊ ၁၁ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ ၃၄ မှတ်ဖြင့် ပထမရရှိသွားသည်။ မြို့တော်စည်ပင်အသင်းက ၃၃ မှတ်ဖြင့် ဒုတိယရရှိသည်။ ပြိုင်ပွဲသို့ ဘဏ္ဍာ/အခွန်၊ မြို့တော်စည်ပင်၊ အားကစားဝန်ကြီးဌာန၊ တံခွန်၊ အား/ကာသိပ္ပံ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဆောက်လုပ်ရေးနှင့် ဘုရင့်နောင်(သိပ္ပံ) အသင်းများပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အမှတ်ပေးပြိုင်ပွဲအပြီး ကွင်းပိတ် ရှုံး/ထွက်ပြိုင်ပွဲကို ဖေဖော်ဝါရီ၈ ရက်မှစတင်၍ကျင်းပခဲ့ရာ ဗိုလ်လုပွဲအဆင့်သို့ရောက်ရှိနေပြီဖြစ်သည်။ လှိုင်မြို့နယ် အားကစားကွင်းနှင့် ပဒေသာ အားကစားကွင်းတို့တွင် အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် နှစ်ကျော့ယှဉ်ပြိုင်စေရာ ဘဏ္ဍာ/အခွန်နှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ၂၅ ရက်၌ အောင်ဆန်းကွင်းတွင် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဘဏ္ဍာ/အခွန် လူငယ်အုပ်ချုပ်သူနှင့် နည်းပြအဖွဲ့။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

အမှတ်ပေးချန်ပီယံဘွဲ့ကို ဆွတ်ခူးရရှိ ထားပြီး ကွင်းပိတ်ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေသော ဘဏ္ဍာ/အခွန် လူငယ်အသင်းအား ကြေးမုံက တွေ့ဆုံခဲ့သည်။

ဘဏ္ဍာ/အခွန်အသင်း အုပ်ချုပ်သူ ဦးမောင်မောင်က "ဗိုလ်လုပွဲတွင် တွေ့မည့်အားကစားဝန်ကြီးဌာနအသင်းမှာ အသင်းကောင်းတစ်သင်းဖြစ်၍ ခက်ခက်ခဲခဲ ကစားရမည်ဖြစ်ကြောင်း၊ ထိုအသင်းတွင် အား/ကာသိပ္ပံမှ ကစားသမားအများစု ပါဝင်နေ၍ Physical and Skill တို့ ကောင်းကြောင်း၊ အမှတ်ပေးပွဲတွင် တွေ့ဆုံစဉ်က ပထမအကျော့တွင် မိမိတို့က နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့တွင် သုံးဂိုး–နှစ်ဂိုးဖြင့် ပြည်လည်ရှုံးနိမ့်ခဲ့ကြောင်း" ပြောကြားသည်။

"မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကလပ်အသင်းကြီးကို အထောက်အပံ့ပေးနိုင်ရန်နှင့် မြန်မာ့လက်ရွေးစင်အသင်းကြီးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် လူငယ်စီမံကိန်းကို ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် စတင်ခဲ့ကြောင်း၊ လိုသည့် လူငယ်ကစားသမားများကို မိမိတို့ကလေ့ကျင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲရှိလာသည့်အခါ လူငယ်အချို့မှာ အသက်(၂၀) ကျော်နေ၍ မန္တလေး အား/ကာသိပ္ပံမှ ရှစ်ဦးကို ထပ်မံအားဖြည့်ခဲ့ရကြောင်း၊ ယခုဖွဲ့စည်းထားသည့် ၂၃ဦးတွင် ရန်ကုန်မှ ၁၃ဦးပါပြီး ကျန် ၁၀ဦးမှာ အခြားပြည်နယ်နှင့်တိုင်းများမှဖြစ်ကြောင်း၊ ကလေးများမှာ အသက် ၁၇ နှစ်မှ ၁၉ နှစ်ကြားသာရှိကြောင်း၊ မိမိတို့ ဘဏ္ဍာ/အခွန် ဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်း၏ ပြိုင်ရင်နိုင်ရမယ်ဆိုသည့် မှာကြားချက်ကို ခံယူ၍စိတ်ဓာတ်နှင့်စည်းကမ်းကောင်းအောင်ပြုစုပျိုးထောင်ပြီး ပြိုင်ပွဲများကို အနိုင်ရအောင် ကစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ဘဏ္ဍာ/အခွန် လူငယ်အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးခင်မောင်ဝင်း၊ နည်းပြဆရာများအဖြစ် ဦးဇော်မြင့်၊ ဦးအောင်နိုင်၊ ဦးစိုးနိုင်၊ ဦးဝင်းအောင်၊ ဦးအောင်ကျော်(ဂိုး)၊ အားကစားသမားများအဖြစ် ဂိုးသမား–စိုင်းအောင်ဟိန်း၊ ဌေးလှိုင်ထွန်း၊ ဂိုးဂိုးထွန်း၊ နောက်တန်း–အောင်ဘိုဘိုဝင်း၊ စည်သူအောင်၊ ရဲလင်းဦး၊ နိုင်နိုင်အောင်၊ သိန်းစိုးမင်း၊ မင်းသူထွေး၊ လွင်ထူးနိုင်၊ ဇင်မျိုးအောင်၊ အလယ်တန်း–အောင်မွန်ဘိုဘို၊ သီဟမောင်မောင်၊ ရဲခေါင်၊ ဥက္ကာထွန်း၊ ဝင်းသူ၊ ရဲထွန်းကျော်၊ ရှေ့တန်း–ပိုင်စိုး၊ မြင့်နိုင်၊ ရာဇာရဲရင့်ဌေး၊ သန်းနိုင်၊ မြတ်ထူးနိုင်နှင့် အောင်ကိုကိုဝင်းတို့ ပါဝင်ကြသည်။ (ကြေးမုံ)

ကွင်းပိတ်ချန်ပီယံဆုအတွက် အားကစားဝန်ကြီးဌာနအသင်းနှင့် ဗိုလ်လုရမည့် ဘဏ္ဍာ/အခွန်လူငယ် အသင်း။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

❍ မြန်မာလိဂ်မှ

ဘဏ္ဍာ/အခွန်အသင်းသည် မြို့တော်စည်ပင်ကို တစ်လုံးတည်းဂိုးဖြင့် အနိုင်ရရှိပြီး နိုင်ပွဲဆက်ခဲ့သလို ၁၂ ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်ကို ထိန်းထားနိုင်ခဲ့သည်။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် ၁၂ ပွဲကစား၊ ၁၂ ပွဲနိုင်၊ ရှုံးပွဲမရှိ၊ ၄၃ ဂိုးသွင်း၊ နှစ်ဂိုးပေး၊ ၃၆ မှတ်ဖြင့်အမှတ်ပေးဇယားကိုဆက်လက် ဦးဆောင်နေသည်။ ဘဏ္ဍာ/အခွန်အသင်းသည် လက်ကျန်သုံးပွဲသာ ကစားရန်ကျန်တော့ရာ ၁၁ပွဲ၊၂၉ မှတ်ဖြင့် ဒုတိယနေရာတွင်ရှိနေသော စီးပွားကူးသန်းနှင့် ခုနစ်မှတ်ပြတ်နေသည်။ ထို့ကြောင့် နောက်ထပ်နှစ်ပွဲ အနိုင်ကစားပြီးပါက ဘဏ္ဍာ/အခွန်အသင်းသည် ပြိုင်ပွဲမပြီးခင် ချန်ပီယံ ဖြစ်မည်ဖြစ်သည်။

(သုဝဏ္ဏကွင်း)

ဆောက်လုပ်ရေး – တစ်ဂိုး
(စည်သူသန်း)
ပို့ဆောင်ရေး – ဂိုးမရှိ

ဆောက်လုပ်ရေးအသင်းမှာ ယမန်နေ့ပွဲ၌အနိုင်ရရှိလိုက်၍ သတ္တမနေရာသို့ ရောက်ရှိလာပြီး တတိယနေရာတွင် ရှိနေသော ပို့ဆောင်ရေးအသင်းမှာ ယခုပွဲ ရှုံးနိမ့်လိုက်၍ ဒုတိယနေရာ ရောက်ရှိရေး အိပ်မက်များပျက်ပြယ်လုဖြစ်ခဲ့ရသည်။

လေးပွဲဆက်တိုက် အရှုံးနှင့်ရင်ဆိုင်နေရသော ဆောက်လုပ်ရေးအသင်း အတွက် စည်သူသန်း၏ မိနစ်၆၀တွင် သွင်းသောတစ်လုံးတည်းသောဂိုးဖြင့် နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

၁၂ ပွဲစီကစားအပြီးတွင် ဆောက်လုပ်ရေးအသင်းက လေးပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံး၊ ရှစ်ဂိုးသွင်း၊ ၁၁ ဂိုးပေး၊ ၁၅ မှတ်ဖြင့် သတ္တမနေရာသို့လည်းကောင်း၊ ပို့ဆောင်ရေးအသင်းက ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး၊ ၂၆ ဂိုးသွင်း၊ ၁၁ ဂိုးပေး၊ ၂၄မှတ်ဖြင့် တတိယနေရာတွင်လည်းကောင်း ရောက်ရှိနေသည်။ (ကြေးမုံ)

မွန်ပြည်နယ် ဆန်လှူအသင်း ဆွမ်းဆန်တော် လောင်းလှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မွန်ပြည်နယ်ဆန်လှူအသင်း (၂၄)ကြိမ်မြောက် ပရိယတ္တိစာသင်ကျောင်းများရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်များနှင့် သီလရှင်များအား ပူဇော်ပွဲနှင့် မော်လမြိုင်မြို့နယ် လေးလပတ်ဆွမ်းဆန်တော်လောင်းလှူပွဲကို ဧပြီ ၂၃ရက်နှင့် ၂၄ရက်တို့တွင် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရှိ ဖန်လ်ယဉ်ခမ္ဘာရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသည့် စေတနာရှင်ပြည်သူများအနေဖြင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင် ဖုန်း–၀၅၇–၂၁၁၄၄၊ မွန်ပြည်နယ် ဆန်လှူအသင်းဥက္ကဋ္ဌ ဦးဝင်းရွှေ ဖုန်း–၀၅၇–၂၁၈၉၇တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

နဝမအကြိမ် unicef

အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်

၂၇–၂–၂၀၀၆ မှ ၅–၃–၂၀၀၆

တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့

ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက

ရွှေတောင်မြို့ ရွှေမျက်မှန်ဘုရားကြီး ဘုံနန်းပြာသာဒ် တည်ဆောက်ရန်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အထက်အဆင့်တွင် ဘုံနန်းပြာသာဒ်တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိရာ ခန့်မှန်းကုန်ကျငွေမှာ ကျပ်သိန်း ၂၅၀ ခန့်ဖြစ်သဖြင့် လှူဒါန်းလိုသူများ ရန်ကုန်မြို့ရှိ ဦးကျော်အေး ဖုန်း–၀၁–၃၇၁၇၄၀၊ ဒေါ်ညွှန့်ညွှန့်ခင် မြပိုးထည်တိုက် ဗိုလ်ချုပ်အောင်ဆန်းဈေး ဖုန်း–၀၉–၈၉–၂၂၈၂၃ နှင့် ဘုရားကြီး ဂေါပကအဖွဲ့(ရွှေတောင် ဖုန်း–၅၃)သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ဖေဖော်ဝါရီ ၁၉ရက်က ဦးထွန်းကြည်–ဒေါ်သန်းမေတို့အားရည်စူး၍ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ ဝတ်သစ်ရပ်နေ ဒေါ်သန်းကြည်နှင့် တူသားများတို့က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၀၇)

ဗြဟ္မစိုရ်ဓမ္မာရုံ ဓမ္မရောင်ခြည်ဓမ္မပူဇာ အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ကရဏာပိုင်း ဗြဟ္မစိုရ်ဓမ္မာရုံကြီးတွင် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းခွဲ(၄၀)က စီစဉ်ကျင်းပသည့် ပထမအကြိမ် ဓမ္မပူဇာသဘင်၌ ဖေဖော်ဝါရီ ၂၄ ရက်တွင် ပုညာရာမ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ပဓာနနာယကဆရာတော် အရှင်ပုညာနန္ဒ(ဗဟုဇနဟိတရေ)၊ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တွင် ပြည်တွင်းပြည်ပသာသနာပြု အောင်စကြာ မိုးကုတ်ဆရာတော် အရှင်စန္ဒသိရီ(ဓမ္မာစရိယ)တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော် များကို ဟောကြားမည်ဖြစ်ရာ ညစဉ်တရားနာယူနိုင်ကြောင်း သိရသည်။

(က–ပ)

ရေသန့်စက်တည်ဆောက်ရေး ငွေလှူဒါန်း

မန္တလေး ဖေဖော်ဝါရီ ၁၄

ဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ သောက်သုံးရန် ရေသန့်စက် တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကိုဖေဖော်ဝါရီ ၁၄ရက် နံနက် ၁၁နာရီက ပါမောက္ခချုပ်ရုံးခန်း၌ ကျင်းပရာ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ကျော်လှက အမှာစကားပြောကြားပြီး လန်ဒန်မြို့နေ အလှူရှင် ဒေါက်တာ ထွန်းလွင် – ဒေါ်မေရှင် မိသားစု(ညီ) ဦးခင်ဝင်း–ဒေါ်ရီရီမြင့် သား ကိုဝင်းမြင့်ပိုင်၊ သမီး ဒေါက်တာ စောယုမွန်နှင့်၊ ညီမ၊ ဦးကြွယ်တင်–ဒေါ်စန်းစန်းဝေ သား ကိုပြည့်ဖြိုးဝေ (သမီး) ဖြိုးဝေဝေတင် မိသားစုက အလှူငွေကျပ် အမေရိကန်ဒေါ်လာ ၁၀၀၀ကို ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ်နှင့်အဖွဲ့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

လှူဒါန်းလိုသောအလှူရှင်များသည် မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ကျော်လှ ဖုန်း– ၃၆၆၃၄၊ ၃၉၀၃၈နှင့် ၃၉၀၃၅ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၄၆၉)

မြန်မာနိုင်ငံ၌ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ

ဇီဝစွမ်းအင်ထုတ်လုပ်နိုင်မှုကြောင့် အကျိုးများတိုးပွားဖြစ်ထွန်း

ယနေ့ကမ္ဘာကြီး၏လေထုအတွင်း ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များ ထုတ်လုပ်မှုကြောင့် မကြုံစဖူးရာသီဥတု ပူနွေးလာခြင်းဖြစ်ကြောင်း သုတေသန ပြုစူးစမ်းလေ့လာတွေ့ရှိထားကြသည်။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့် မီသိန်းဓာတ်ငွေ့တို့ လေထုအတွင်းပါဝင်မှုမှာ လွန်ခဲ့သည့်နှစ်ပေါင်းများစွာကထက် လက်ရှိအချိန်တွင် ပိုမိုများပြားလာပေသည်။ ကမ္ဘာကြီး၏ အိုဇုန်းလွှာပေါက်သည် ပိုမိုကြီးမားကျယ်ပြန့်လာပြီး ကမ္ဘာ့အပူချိန်လည်း မြင့်တက်လာသည်။

နည်းလမ်းရှာဖွေ

ထို့အပြင် လေထုညစ်ညမ်းမှု၊ သစ်တောသဘာဝ သယံဇာတများ ယိုယွင်းမှုများကြောင့်သဘာဝပတ်ဝန်း ကျင်များပျက်စီးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရရာ ကမ္ဘာ့နိုင်ငံအသီးသီးက အဆိုပါပျက်စီးယိုယွင်းမှုများကို ကုစားနိုင်မည့် နည်းလမ်းများအား ကြိုးပမ်းရှာဖွေလျက်ရှိသည်။ ထိုသို့ရှာဖွေရာတွင် ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မည့် သစ်တောသစ်ပင်စိုက်ပျိုးခြင်း၊ လေထုညစ်ညမ်းမှုကို လျော့နည်းစေမည့်အစားထိုးလောင်စာ စွမ်းအင်များတီထွင်ကြံဆထုတ်လုပ် အသုံးချခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

အစားထိုးဇီဝလောင်စာစွမ်းအင်

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့သည် နည်းပညာနှင့် ကုန်ကျစရိတ်မြင့်မားသည့်အပြင် ရှားပါးပြီး လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်နိုင်သည့် အဏုမြူစွမ်းအင်၊ ရေနံစွမ်းအင်တို့အစား နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် ဇီဝစွမ်းအင်တို့ကို ပြောင်းလဲအသုံးပြုလာကြသည်။ ထိုသို့ ပြောင်းလဲသုံးစွဲရာတွင် ကြီးမားသော စွမ်းအင်လိုအပ်ချက်ကိုကာမိစေမည့် ကျောက်မီးသွေး အစားထိုး လောင်စာ စွမ်းအင်၊ဇီဝလောင်စာစွမ်းအင်ရရှိသည့် ကြံ၊ အာလူး၊ ဂျုံ၊ပြောင်းဖူးနှင့်ပဲပိစပ် တို့သာမကခြံစည်းရိုး ကြက်ဆူပင်များမှ အစားထိုးဇီဝ လောင်စာစွမ်းအင်ရရှိအောင် တီထွင်ကြံဆ လုပ်ဆောင်လျက်ရှိသည်။

ဘက်စုံအကျိုးဖြစ်ထွန်း

ဇီဝလောင်စာထွက်ရှိသော သီးနှံပင်များသည် ကုန်ကျစရိတ်သက်သာစွာ စိုက်ပျိုးနိုင်သည့်အပြင် အဆိုပါ စွမ်းအင်များသည် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုလည်း လျော့နည်းပေသည်။ ယင်းတို့တွင် ခြံစည်းရိုး ကြက်ဆူပင်သည် လောင်စာဆီထုတ်ယူမှုတွင် အကောင်းဆုံးဖြစ်ပြီး စိုက်ပျိုးရလည်း လွယ်ကူ၊စိုက်ပျိုးကုန်ကျစရိတ်လည်းသက်သာ၊ အထွက်နှုန်းလည်း ကောင်းမွန်သည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထွက်ရှိမှုလည်း နည်းပါးပေသည်။

မြန်မာနိုင်ငံတွင်အောင်မြင်

ဘက်စုံအကျိုးများသည့် ခြံစည်းရိုးကြက်ဆူပင်၏ အသုံးဝင်မှုကို ပြည်သူတို့ကျယ်ကျယ်ပြန့်ပြန့် သိရှိလာသောကြောင့်လည်းကောင်း၊ ခြံစည်းရိုး ကြက်ဆူဆီကို ကဏ္ဍစုံတွင် ထိရောက်အောင်မြင်စွာ အသုံးချနိုင်သဖြင့်လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းတွင် ခြံစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေးအသွင်ဖြင့် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နေကြပြီဖြစ်သည်။ ယင်းသို့ စိုက်ပျိုးထုတ်လုပ်နိုင်မှုကြောင့် တစ်နိုင်ငံလုံးရှိ တိုင်းရင်းသား ပြည်သူ အားလုံးအတွက် အကျိုးစီးပွားတိုးပွားဖြစ်ထွန်းကာ နိုင်ငံတော်၏စက်သုံးဆီ လိုအပ်ချက် ကိုကာမိစေသည့်အပြင် သဘာဝပတ်ဝန်း ကျင်နှင့်လေထုညစ်ညမ်းမှုကိုပါ ကာကွယ်နိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကြက်ဆူ စိုက်ခင်း

ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည့်ကော့သောင်းမြို့နယ် ရဲတပ်ဖွဲ့ ရုံးဝင်းအတွင်း ကြက်ဆူစိုက်ခင်း ပျိုးထောင်ပွဲ၌ ပျိုးပင်များအား တွေ့ရစဉ်။

မြို့သာယာလှပရေး ကြီးကြပ်ဆောင်ရွက်

မူဆယ် ဖေဖော်ဝါရီ ၁၀

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့သည် ဇန်နဝါရီ ၂၀ ရက်နံနက် ၈ နာရီတွင် မူဆယ်မြို့အဝင် မြို့ပတ်လမ်းနှင့် ပြည်ထောင်စုလမ်းဆုံတွင် ပန်းအုတ်ခုံ၊ ပန်းအလှအိုးများပြုလုပ်၍ ပန်းအလှပင်များစိုက်ပျိုးခြင်း၊ လမ်းဘေးဝဲ၊ယာတွင် အုတ်တိုင်များပြုလုပ်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း စသည့် မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ (မြို့နယ်စည်ပင်)

ပုသိမ်အသင်း(ရန်ကုန်)နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပုသိမ်အသင်း(ရန်ကုန်) အမှုဆောင်အဖွဲ့က ကြီးမှူးကျင်းပသည့် (၈၅)နှစ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁/၄၃)စီရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် ပုသိမ်အသင်းဝင် သက်ကြီး ပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ခြင်း၊ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၀၆ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးမှ ဥက္ကဋ္ဌ ဦးစိုးဟန်လင်း (သီရိသုဓမ္မမဏိဇောတဓရ) ဦးဆောင်သော အမှုဆောင်အဖွဲ့အား ရွေးချယ်တင်မြှောက်ကြပြီး အလှူရှင်များက အလှူငွေ စုစုပေါင်း ကျပ် ၁၅၄၀၀၀၀ လှူဒါန်းကြသည်။**(အပေါ်ပုံ)** (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄–၂–၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ပုဂံယဉ်ကျေးမှုနယ်မြေမှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ
၇:၁၅	ဗွီစီဒီမိတ်ဆက် (ဘဝမှတ်တိုင်များ–၂)
၇:၄၀	နှလုံးသွေးကြောကျဉ်းရောဂါ ဟောပြောချက်(အပိုင်း–၁)
၈:၀၀	ပြည်တွင်းသတင်းအကျဉ်း
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	Fashion Talk(ဦးမျိုးမြတ်သူ၊ ဒေါ်တင်မိုးလွင်)
၈:၅၅	မိုးလေဝသခန့်မှန်းချက်
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	ရန်ကုန်တိုင်းငါးလုပ်ငန်း (လှော်ကားငါးလုပ်ငန်းစခန်း)
၉:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၀	အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ပြည်ပသွင်းရန်အစားထိုး သံသတ္တုစပ်ခြင်းနှင့် သံမဏိသွန်းထည်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း အကြောင်းသိကောင်းစရာ
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	စားချင်စဖွယ်မုန့်လုပ်နည်း အသွယ်သွယ် (အုန်းစိမ်းနကျောက်ကျော၊ လိမ္မော်ပင်ပွား ကျောက်ကျော)
၁၀:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	လက်ယက်သစ်ချောင်းပုံဖော် သစ်ထုတ်လုပ်မှုလုပ်ငန်း
၁၀:၃၀	သုံးဆယ်ရေလှောင်တမံ
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	အမှတ်(၃) စက္ကူစက်ရုံ (ပလိပ်)
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	Myanmar Video Rhythm
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဆုချီးမြှင့်

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ပြိုင်ပွဲတွင် ပထမရရှိသွားသော သန့်ဇင်ဦးအား ဆုချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဂရင်းရွိုင်ရယ်ဂေါက်သီးရိုက်ပြိုင်ပွဲ သန့်ဇင်ဦးက ၁၃၇ချက်ဖြင့်ပထမရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2006) ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် ညနေပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ Northern Star Golf Club ၌ ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ အပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ IBTC မှ Design And Development ဒါရိုက်တာ ဦးတင့်ဦးက ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်အားလည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းအားလည်းကောင်း၊ ဗိုလ်မှူးချုပ်ဇော်ထွန်း(လေ)အား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် ကချင်ပြည်နယ် ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးဆွေနှင့် MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးတို့က Consolation ဆုရရှိကြသော ဂေါက်သီးရိုက်အားကစားသမားများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗိုလ်မှူးချုပ်ဇော်ထွန်း(လေ)က Nearest To The Pin ဆုရရှိသော အောင်ဆန်းအား လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းက Longest Drive ဆုရရှိသော သန့်ဇင်ဦးအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ All Total ၁၃၇ချက်ဖြင့် ပထမရရှိသော သန့်ဇင်ဦး၊ All Total ၁၄၀ ချက်ဖြင့် ဒုတိယရရှိသော Ar Chan၊ All Total ၁၄၀ ဖြင့် တတိယရရှိသော Yaw Seng နှင့် All Total ၁၄၁ချက်ဖြင့် စတုတ္ထရရှိသော အောင်ဆန်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် IBTC မှ ဦးတင့်ဦးက Northern Star Golf Club ကို ရန်ပုံငွေလှူဒါန်းရာ Northern Star Golf Club အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးအောင်ခိုင်က လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay၊ Crusher Club Soda၊ Srixon နှင့် Grand Plaza Parkroyal Hotel တို့က အသီးသီးပါဝင်ကူညီကြကာ မြစ်ကြီးနား ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂)ကို ထုတ်ဝေ ဖြန့်ချိလိုက်သည်။

အဆိုပါဂျာနယ်တွင် တက္ကသိုလ်မြတ်သူ၊ သျှင်ပညာဇောတ၊ နောင်စိုးရီ၊ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၊ မောင်ကောင်းယဉ်၊ ဖေယျာအောင်၊ ခေတ္တရာ ဆရာကျော်၊ တက္ကသိုလ်တင်ခ၊ အောင်စိုး(တိ/ကု)အမျိုးသားစာပေဆုရ၊ ကျော်ဇင်ညွှန့်(တရားရုံးချုပ်ရှေ့နေ)၊ ထက်ကောင်းလတ်(မင်းဘူး)၊ရာဇ(ဘိုကလေး)၊တက္ကသိုလ်လှကြွယ်၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ စိုးသီဟ(ရေတာရှည်)၊ ထိုက်ဇော်အောင်(ဂျီတီစီ)၊ မောင်မောင်စိုးသက်၊H.K၊C.E၊ ညွှန့်သစ်ဝေ(ဖေယျာ)၊ ဖိုးထွေး (စိုက်ပျိုးရေး)၊ ဖေယျာ(ကိုထွေး)၊ ကိုရွှေတောသား၊ ညွှန့်ညွှန့်စိုး(အောင်လံ)၊ မွေးမြူယောကျ်ား၊ သျှတတ(ပြည်)တို့၏သုတ၊ ရသဆောင်းပါးများ၊ ဝတ္ထုတိုကဏ္ဍ၊ ကနောင်မောင်မောင်၊ ဖျာပုံတင်နိုင်ဝင်း၊ တောသားကြီးလူနိုင်၊ ပဏ်သုသပြေ (ညောင်ပင်ဆိပ်)တို့၏ကဗျာများ၊ မောင်မောင်စန်းလွင်၏ ကာတွန်း၊ ဆြာစန်း၏ ဗေဒင်ကဏ္ဍ၊ အင်္ဂလိပ်စကားပြောသင်ခန်းစာတို့ဖြင့် စုံလင်စွာဖော်ပြပါရှိသည်။ (သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း တည်ဆောက်ဆဲဖြစ်သည့် သိမ်အဆောက်အအုံသစ်အတွက် အလှူငွေကျပ်ငါးသိန်းငါးသောင်းကို ဖေဖော်ဝါရီ၂၀ရက်က မော်လမြိုင်မြို့ ကျိုက်သုတ်ဘုရားလမ်းနေ ကိုရဲမင်း–မနိုင်နိုင်မိသားစုက ဆရာတော် ဘဒ္ဒန္တဝိမလထံ ဆက်ကပ်လှူဒါန်းစဉ်။ (၂၅၇)

ဖေဖော်ဝါရီ ၆ရက်က ပင်းတယမြို့နယ်တွင် ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ကြီး အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ တေဇနိယ၏ နှစ်နှစ်မြောက် ခန္ဓာဝန်ချ ပူဇော်ပွဲအခမ်းအနားတွင် အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာ ခင်ခင်စိမ့်နှင့် အလှူရှင်များက ဆရာတော်များအား လှူဖွယ်ပစ္စည်းဆက်ကပ် လှူဒါန်းစဉ်။ (က–ပ)

သဃ်န်းကျွန်းမြို့နယ် ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော်မြတ်ကြီး၌ ဖေဖော်ဝါရီ ၂၂ရက်က နှစ်ဖက်သောမိဘများကို အမှူးထား၍ အလှူရှင်ဦးအောင်စု–ဒေါ်သောင်းသောင်းမြင့်၊ သမီး ဝါဝါသောင်းစု၊ တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် အသက အထက်(၂၅)လမ်း မိသားစုက စေတီတော်မြတ်ကြီး ဘက်စုံအတွက် အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)က အနုမောဒနာဂုဏ်ပြုလွှာပေးအပ်စဉ်။ (၅၀၆)

စာပေပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ပိုက်သင်ရွာ၌ ဖွားမြင်သော ပထမကျော်အောင်စံထား (ညောင်ရမ်းခေတ်စာဆို) (သက္ကရာဇ် ၁၀၆၇–၁၁၁၅)၏ နှစ်၃၀၀ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် စာပေပြိုင်ပွဲကို ရှင်ကရဝိက စာကြည့်တိုက်ကော်မတီမှကြီးမှူးကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသော ကဗျာ၊ ဆောင်းပါးများကို ဦးမျိုးဆန်း မဟာသိမ်တော်ကြီး ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့နှင့် ဒေါက်တာသက်လွင် သပြေညို ညေ့်ဂေဟာ ပခုက္ကူမြို့တို့ထံ မတ် ၁၅ ရက်အတွင်းပေးပို့ကြရမည် ဖြစ်ပြီး စုံစမ်းလိုပါ ဒေါက်တာသက်လွင် ဖုန်း–၀၆၂–၂၁၁၆၆ နှင့် ဦးကျော်စိမ့် ဖုန်း–၀၆၂–၂၁၃၇၈ တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (၂၃)

ပန်းဒဏ္ဍာရီဇာတ်ကား တစ်ကျော့ပြန်ရုံဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ယခုသောကြာပတ်တွင် မြန်မာရုပ်ရှင်ကားသစ်များ ရုံတင်ခြင်းမရှိဘဲ ပြသပြီး မြန်မာရုပ်ရှင် ဇာတ်ကားတစ်ကားဖြစ်သည့် ပန်းဒဏ္ဍာရီ ဆေးရောင်စုံဇာတ်ကား သွင်ရုံတွင် တစ်ကျော့ပြန် ရုံဝင်လာသည်။

ပန်းဒဏ္ဍာရီ

ရီမြင့် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဝတ္ထုဇာတ်ညွှန်း မြို့တော်မောင်ယဉ်အောင် ရေးသားပြီး အကယ်ဒမီ မောင်တင်ဦးကြီးကြပ်ကာ ဟိန်းစိုး ရိုက်ကူးသည့် ပန်းဒဏ္ဍာရီ ဇာတ်ကားတွင် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ လှမျိုးသဉ္ဇာနွယ် တို့ ခေါင်းဆောင်ပြီး ဇာတ်ပို့ ဇာတ်ရံများစွာ ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

သမ္မတရုပ်ရှင်ရုံတွင် ပြသဆဲ KING KONG ဇာတ်ကားဆက်လက်ပြသမည်ဖြစ်ပြီး ရှေ့ဆောင်ရုံတွင် The Island ဇာတ်ကား ဆက်လက် ပြသမည် ဖြစ်သည်။ မင်္ဂလာရုံတွင် ဒါရိုက်တာ Peter Berg ရိုက်ကူးသည့် The Rundown ဇာတ်ကားပြသမည်ဖြစ်သည်။ နေပြည်တော်ရုံတွင် ဒါရိုက်တာ Chen Kaige ရိုက်ကူးသည့် The Promise သမိုင်းနောက်ခံဇာတ်ကားသစ် တင်ဆက်ပြသမည်ဖြစ်သည်။

(ကြေးမုံ)

ပန်းဒဏ္ဍာရီဇာတ်ကားမှအကယ်ဒမီ မေသန်းနုနှင့် အမျိုးသမီးသရုပ်ဆောင်များ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄–၂–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၃။ **ကာတွန်းအစီအစဉ် "ပါကျဲ" (အပိုင်း–၁၃)**
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နေခြည်ဖြာမှ" (အပိုင်း–၁၅)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်သိုင်းကွက် (အပိုင်း–၁၀)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

ပြည်တွင်း ပြည်ပ အားကစားသတင်းများ

မြန်မာလိဂ်အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲ စီးပွား/ ကူးသန်းနှင့် တံခွန် သရေကျ၊ သစ်တောနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ယနေ့ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းနှင့် တံခွန်အသင်းတို့ သရေပွဲဖြစ်သွားပြီး သစ်တောရေးရာအသင်းက ကာကွယ်ရေးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

သုဝဏ္ဏကွင်း

စီးပွား/ကူးသန်း သုံးဂိုး
(မာလ၊ မျိုးမင်းထွန်းနှင့် ကျော်ဇင်ဝင်း တစ်ဂိုးစီ)

တံခွန် သုံးဂိုး
(အောင်လတ်သူ၊ အောင်မိုးနှင့် နေဇော်ထက် တစ်ဂိုးစီ)

ဒိုင်လူကြီး ဦးစိုးမိုးကျော်

ကျင်းပဆဲ အမှတ်ပေးပွဲတွင် အဆင့်မြင့်တန်း ဝါရင့်အသင်းကြီးများဖြစ်သည့် မြို့တော်စည်ပင်၊ သစ်တောနှင့် ဆောက်လုပ်ရေးတို့ကို အနိုင်၊ ကာကွယ်ရေးကို သရေကစားထားသည့် ပုဂ္ဂလိက တံခွန်အသင်းသည် ယနေ့ပွဲတွင်လည်း အသင်းကြီး စီးပွား/ကူးသန်း၏ နိုင်ပွဲရရှိရေး မျှော်လင့်ချက်ကို ချေဖျက်ပြီး တစ်မှတ်စီ ခွဲယူသွားသည်။

ဒုတိယနေရာမှ စီးပွား/ကူးသန်းအသင်းသည် ဇယားထိပ်မှ ဦးဆောင်နေသည့် ဘဏ္ဍာ/အခွန်ကို အမီလိုက်ရန် ကြိုးစားခဲ့သော်လည်း ပွဲပြီးခါနီးကျမှ ချေပဂိုးပေးရကာ သရေပွဲဖြစ်ခဲ့သဖြင့် ဘဏ္ဍာ/အခွန်နှင့် ခြောက်မှတ်ကွာသွားခဲ့ပြီဖြစ်သည်။

ပွဲအစပိုင်းတွင်သာ စီးပွား/ကူးသန်းတို့ ဖိကစားနိုင်ခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ကွင်းလယ်မှ အောင်မျိုးသန့်နှင့် ရာဇာဝင်းသိန်းတို့ ဘောလုံးမထွက်၍ တံခွန်က တစ်ကျော့ပြန် ထိုးဖောက်နိုင်ခဲ့သည်။ စီးပွားကူးသန်းအတွက် ဦးဆောင်ဂိုးကို မိနစ်၃၀တွင် မာလက သွင်းယူပေးခဲ့သည်။ ဂိုးပေးရပြီးနောက်ပိုင်း တံခွန်က တိုက်စစ်အား ပိုမြှင့်လာခဲ့သည်။ ၄၁မိနစ်တွင် အောင်လတ်သူ ဘယ်ထောင့်ကန်ဘောကို ကန်တင်ရာ ဂိုးထဲသို့ ဝေ့ဝိုက်ဝင်သွားသဖြင့် တံခွန်အသင်း ချေပဂိုးရရှိသွားသည်။ ချေပဂိုးရရှိသွား၍ အားတက်လာသော တံခွန်အသင်းသည် တစ်မိနစ်အကြာမှာပင် အောင်မိုးက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တံခွန်က နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားနိုင်ကြပြီး ဂိုးသွင်းခွင့်များလည်း ဖန်တီးနိုင်ခဲ့ကြသည်။ သို့သော် စီးပွား/ကူးသန်းက အခွင့်အရေးများကို အသုံးချနိုင်ခဲ့သဖြင့် ခုနစ်မိနစ်တွင် မျိုးမင်းထွန်းက ချေပဂိုးသွင်းယူပြီး ၂၅မိနစ်တွင် ကျော်ဇင်ဝင်းက တတိယဂိုးတို့ကို သွင်းယူသွားသည်။ စီးပွား/ကူသန်းက အနိုင်ကိုထိန်းရန် လူစားလဲပြီး ခံစစ်ကို အားဖြည့်ခဲ့သော်လည်း ပွဲပြီးရန် တစ်မိနစ်အလိုတွင် ဘီးကုတ်နားတွင်ရရှိသာ ပြစ်ဒဏ်ဘောကို နေဇော်ထက်က တိုက်ရိုက် ကန်သွင်းယူခဲ့သဖြင့် တံခွန်က ချေပဂိုးပြန်လည်ရရှိကာ သုံးဂိုးစီသရေဖြင့် ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။

စီးပွား/ကူးသန်း အသင်းသည် ၁၂ ပွဲကစား၊ ကိုးပွဲနိုင်၊ သုံးပွဲသရေ၊ သွင်းဂိုး ၃၉ ဂိုး၊ ပေးဂိုး ၁၁ ဂိုး၊ အသားတင် တစ်ဂိုး (+၂၈)၊ ရမှတ် ၃၀မှတ်ဖြင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နေသည်။ ၃၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသော ဘဏ္ဍာ/အခွန်နှင့် ဒုတိယနေရာမှ စီးပွား/ကူးသန်းတို့သည် သုံးပွဲသာကစားရန် ကျန်တော့ရာ ခြောက်မှတ် အသာရထားသော ဘဏ္ဍာ/အခွန် အသင်းအနေဖြင့် ၂၇ ရက် ကစားမည့် ပို့ဆောင်ရေးနှင့်ပွဲ၌ အနိုင်ရရှိပါက အမှတ်ပေးချန်ပီယံဆုကို ဆွတ်ခူးရန် သေချာသလောက်ရှိသွားပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘဏ္ဍာ/အခွန်က အသားတင်ဂိုး (+၄၁) ရှိနေခြင်းကြောင့် ဖြစ်သည်။ တံခွန်အသင်းသည် ၁၂ ပွဲကစား၊ ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံး၊ သွင်းဂိုး ၂၄ ဂိုး၊ ပေးဂိုး ၁၂ ဂိုး၊ ၂၁ မှတ်ဖြင့် ပဥ္စမနေရာတွင်ရှိနေသည်။

အောင်ဆန်းကွင်း

သစ်တောရေးရာ လေးဂိုး
ကာကွယ်ရေး ဂိုးမရှိ

သစ်တောအသင်းမှာ ယနေ့ပွဲအနိုင်ရရှိလိုက်၍ ၁၂ ပွဲကစား ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ ငါးပွဲရှုံး၊ ၁၉ ဂိုးသွင်း၊ ၁၇ ဂိုးပေး၊ ၁၆ မှတ်ဖြင့် သတ္တမနေရာအထိ ရောက်လာပြီး ကာကွယ်ရေးအသင်းမှာ ၁၂ ပွဲကစား နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံး ရှစ်ဂိုးသွင်း၊ ၁၇ ဂိုးပေး၊ ၁၀မှတ်ဖြင့် အဆင့် (၁၂) တွင် ရှိနေသည်။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ
အောင်ဆန်းကွင်း
လယ်ယာထွက်ကုန်နှင့် စွန်ရဲ
သုဝဏ္ဏကွင်း
စွမ်းအင်နှင့် ရထားပို့ဆောင်ရေး
(ကြေးမုံ)

တံခွန်အသင်းမှ အောင်လတ်သူ ကန်သွင်းလိုက်သော ထောင့်ကန် ဘောလုံး စီးပွား/ကူးသန်း နောက်တန်းနှင့် ဂိုးသမားစိုးပိုင်ဖြိုးတို့ ကာကွယ်သော်လည်း ဂိုးဝင်သွားစဉ်။ (ကြေးမုံ)

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ဘာဆီလိုနာအသင်းက ချယ်လ်ဆီးအသင်းကို အနိုင်ရ

လန်ဒန် ဖေဖော်ဝါရီ ၂၃

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ပထမအဆင့် ရှုံးထွက် ပထမအကျော့ပြိုင်ပွဲကို အင်္ဂလန်နိုင်ငံစတမ်းဖို့ဒ်ဘရစ်ဂျ်ကွင်းတွင် ဗုဒ္ဓဟူးနေ့က ကျင်းပရာ စပိန်နိုင်ငံမှ ဘာဆီလိုနာအသင်းက အင်္ဂလန်မှ ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဘာဆီလိုနာအသင်းသည် ယခုပွဲတွင် အနိုင်ရရှိခြင်းဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းရန် ဦးတည်လျက်ရှိသည်။

ချယ်လ်ဆီးအသင်းမှ ဒယ်လ်ဟောနိုသည် ပွဲချိန် ၃၇မိနစ်တွင် ထုတ်ပယ်ခံခဲ့ရသဖြင့် ၁၀ဦးတည်းဖြင့် ဆက်လက်ကစားခဲ့ရသည်။ ဟော်နိုသည် စပိန်လူမျိုးတစ်ဦးဖြစ်သည်။

လွန်ခဲ့သည့် ဘောလုံးရာသီက ပထမအဆင့် ရှုံးထွက်ပွဲစဉ်အတွင်း ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့သော ဘာဆီလိုနာအသင်းသည် ယခုပွဲတွင် ဘောလုံးပိုင်ဆိုင်မှု အများဆုံး ရရှိခဲ့သည်။ ဟော်နို ထုတ်ပယ်ခံခဲ့ရပြီးနောက် ဘာဆီလိုနာအသင်းမှာ ပိုမို၍စိုးမိုးလာနိုင်သည်။

ချယ်လ်ဆီးအသင်းသည် ဘောလုံးသမားအရေအတွက်အရ အားနည်းချက်ရှိနေလင့်ကစား ဒုတိယပိုင်းတွင် ပိုမိုထိုးဖောက်ကစားခဲ့သည်။ ပွဲချိန် ၅၉ မိနစ်တွင် ချယ်လ်ဆီးအသင်းမှ ဖရန့်ခ်လမ်းပတ်က ဖရီးကစ် ကန်သွင်းစဉ်အတွင်း ဘာဆီလိုနာအသင်းမှ ကွင်းလယ်ကစားသမား သီယာဂိုမော်တာက မိမိဂိုး မိမိသွင်းမိသဖြင့် ချယ်လ်ဆီးအသင်း အဖွင့်ဂိုးရရှိခဲ့သည်။

ဖေဖော်ဝါရီ ၂၂ ရက်က နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့တွင် ကျင်းပသော ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် အင်တာမီလန်အသင်းမှ ဒေဂျန်စတန်ကိုဗစ် (ယာ)နှင့် အေဂျက်ဇ်အသင်းမှ ဆူခါရီတို့ ဘောလုံးရရှိရေး ယှဉ်ပြိုင်နေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပသော ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ဘာဆီလိုနာအသင်းမှ ဘရာဇီးလူမျိုး ဘောလုံးသမား ရော်နယ်လ်ဒင်ဟိုနှင့် ချယ်လ်ဆီးအသင်းမှ ပေါ်လိုဖရေရာတို့ ယှဉ်ပြိုင်ကစားကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သို့ရာတွင် ပွဲချိန် ၇၁မိနစ်တွင် ချယ်လ်ဆီးအသင်းမှ တယ်ရီက မိမိဂိုး မိမိသွင်းမိသဖြင့် ဘာဆီလိုနာအသင်းမှာ ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။ ဘာဆီလိုနာအသင်းမှ ရော်နယ်လ်ဒင်ဟိုက ဖရီးကစ်ကန်သွင်းစဉ် တယ်ရီက မိမိဂိုး မိမိသွင်းနိုင်ခြင်းဖြစ်သည်။

ပွဲချိန် မိနစ် ၈၀ တွင် အာဖရိကတိုက်သား ဘောလုံးသမား ဆမ်မြူယယ်အီတိုးက ရာဖေးလ်မားကွက်စ် ဖြတ်ပို့ပေးလိုက်သော ဘောလုံးကို ခေါင်းတိုက်သွင်းလိုက်၍ ဘာဆီလိုနာအသင်းအတွက် အနိုင်ဂိုးရရှိသွားသည်။

အင်တာမီလန်-အေဂျက်ဇ်

နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့တွင် ဗုဒ္ဓဟူးနေ့က ကျင်းပသည့် ချန်ပီယံလိဂ် ပထမအဆင့်ရှုံးထွက် ပထမအကျော့ပြိုင်ပွဲအဖြစ် အေဂျက်ဇ်အသင်းနှင့် အီတလီနိုင်ငံမှ အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ကြသည်။

နယ်သာလန်ကလပ်အသင်း အေဂျက်ဇ်သည် ပွဲစတင်ပြီးနောက် မိနစ် ၂၀ အတွင်းမှာပင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ရာ အောင်ပွဲခံသည့် မျှော်လင့်ချက်များ ပေါ်ပေါက်ခဲ့သည်။ သို့ရာတွင် အင်တာမီလန်အသင်းက အင်တိုက်အားတိုက် ပြန်လည်ကစားခဲ့ပြီး ဒေဂျန်စတန်ကိုဗစ်နှင့် ဂျူလီယို ခရုဇ်တို့က ချေပဂိုးများကို ပြန်လည်သွင်းယူနိုင်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

သုံးဆယ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့ထူး၊ ဂုဏ်ထူးရသူများ ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က စမ်းချောင်းမြို့နယ် ပြည်လမ်း မစိုးရိမ် ပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ ကျင်းပရာ အသင်းနာယက ဗိုလ်မှူးချုပ်အေးစန် (ငြိမ်း)က လူမှုထူးချွန် (ပထမဆင့်) ချီးမြှင့်ခံရသော ဦးမြင့်စိုးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ရှား

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် မြန်မာစံတော်ချိန် ၀၅ နာရီ ၀၀မိနစ် ၃၅ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက်မိုင် ၅၀၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အာဖရိက မိုဇမ်ဘစ်နိုင်ငံ၊ ဘီရာမြို့၏ အနောက်တောင်ဘက် မိုင် ၁၄၀ ခန့်အကွာ) ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းထန်သည့် မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ဟားကန့်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှု မြစ်ကြီးနား-ဟားကန့် လမ်း၊ တံတားများဖောက်လုပ်မှု လှည့်လည်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက ဖားကန့်မြို့နယ် မော်စီစာရပ်ကွက်ရှိ သီရိရတနာစိမ်းဓမ္မရိပ်သာကျောင်းတိုက်သို့ သွားရောက်၍ မြို့နယ်သံဃနာယက ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တပညာသာမိအား ဖူးမြော်ကန်တော့ကာ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်ရန် ဆောက်လုပ်လျက်ရှိသည့် စေတီတော်အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့် ဇနီးမိသားစုက ငွေကျပ်ငါးသိန်း၊ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်ဟိန်းက ငွေကျပ်တစ်သိန်း၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဆန်းညွန့်ဦးက ငွေကျပ် နှစ်သိန်း၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့က ငွေကျပ်နှစ်သိန်း၊ ဖားကန့်တပ်နယ်၊ မြစ်ကြီးနားတပ်နယ်၊ မိုးညှင်းခရိုင်အုပ်ချုပ်ရေးဦးစီးဌာန၊တပ်မတော်အရာရှိကြီးများနှင့် ဖားကန့်မြို့နယ် ဥက္ကဋ္ဌတို့က ငွေကျပ်တစ်သိန်းစီကို ဆရာတော်ထံ အသီးသီးဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ရွှေသောင်ယံမြို့နယ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းက ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ရှိ လမ်းတံတားအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပိုးလောင်းကျေးရွာ၌ ဒေသခံပြည်သူများအားတွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကမ်းခြေကျေးရွာများသို့ ကျေးရွာချင်းဆက်လမ်းအတိုင်း လှည့်လည်သွားရောက်၍ ဝက်သေကျေးရွာ၌ ဒေသခံ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းမှာကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် စာစောင်များပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် ဒေသခံများနှင့်အတူ ကျေးရွာရုံးဝင်းအတွင်း စိုက်ပျိုးရန် ပြုစုပျိုးထောင်ထားသော ခြစည်းရိုးကြက်ဆူပင်ပျိုးခင်းကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရွှေသောင်ယံမြို့နယ် အုန်းချောင်းကျေးရွာအနီးရှိ ဧရာဝတီရေလုပ်ငန်းဖွံ့ဖြိုးရေး လီမိတက် ပုစွန်ကျားမွေးမြူရေးစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်နှင့် ဆောက်လုပ်ရေးနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယမန်နေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ အနိုင်ရရှိသွားကြသည်။

(အောင်ဆန်းကွင်း)

ဘဏ္ဍာ/အခွန် (ဇော်ထိုက်)	–	**တစ်ဂိုး**
မြို့တော်စည်ပင်	–	**ဂိုးမရှိ**
ဒိုင်လူကြီး	–	**ဦးဝင်းဦး**

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းအတွက် ယခု အနိုင်ရလဒ်သည် ချန်ပီယံဘွဲ့ ဆက်လက်ထိန်းသိမ်းရေး အနီးစပ်ဆုံးအနေအထားသို့ ထပ်မံရောက်ရှိစေခဲ့သောနိုင်ပွဲတစ်ပွဲဖြစ်ခဲ့သည်။**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**

ကာကွယ်

ဘဏ္ဍာ/အခွန်မှ ဇော်ထိုက်နှင့် လွင်ဦးတို့ တိုက်စစ်ဆင်ထိုးဖောက်မှုကို မြို့တော်စည်ပင်အသင်း ဂိုးသမား ကာကွယ်စဉ်။ (ကြေးမုံ)

ဖိလစ်ပိုင်ရှိ မေယွန်မီးတောင်လှုပ်ရှား မီတာ ၅၀၀ အမြင့်အထိ ပြာများမှုတ်ထုတ်

လီဂက်စ်ပီစီးတီး ဖေဖော်ဝါရီ ၂၃

ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘေးပြည်နယ်ရှိ မေယွန်မီးတောင်သည် ကြာသပတေးနေ့က လှုပ်ရှားလျက်ရှိပြီး ပြာများကို မှုတ်ထုတ်နေကြောင်း၊ မေယွန်မီးတောင်မှ အမြင့်မီတာ ၅၀၀ အထိ ပြာမှုန်များအား မှုတ်ထုတ်နေပုံကို လစ်ဂနွန်တောင်ကုန်းရှိ မီးတောင်စောင့်ကြည့်ရေးမျှော်စင်မှ စောင့်ကြည့်လေ့လာနေကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင်ဗေဒသိပ္ပံက ပြောကြားသည်။

မေယွန်မီးတောင် ပေါက်ကွဲနိုင်ကြောင်း ဖေဖော်ဝါရီ ၂၁ရက်မှစ၍ သတိပေးနှိုးဆော်ထားသည်။ မေယွန်မီးတောင်သည် လွန်ခဲ့သည့်နှစ်ရက်အတွင်း မီးတောင်ဆိုင်ရာ မြေငလျင်လှုပ်မှု ကိုးကြိမ်ရှိခဲ့ကြောင်း အဆိုပါသိပ္ပံက ပြောကြားသည်။

မေယွန်မီးတောင်နယ်မြေအတွင်း ကြာသပတေးနေ့ နံနက်ပိုင်းက အင်အားသေးငယ်သော ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး မီးတောင်ထိပ်မှ ချော်ရည်အနည်းငယ် စီးဆင်းကျလာခဲ့သည်။

မေယွန်မီးတောင်သည် ၂၀၀၁ ခုနှစ် ဇူလိုင်လအတွင်းက နောက်ဆုံးအကြိမ် ပေါက်ကွဲခဲ့သည်။ **အင်တာနက်။**

ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘေးပြည်နယ်ရှိ ပြာများမှုတ်ထုတ်နေသည့် မေယွန်မီးတောင်အနီးတွင် တောင်ယာစိုက်ပျိုးလုပ်ကိုင်နေသူနှစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထူးခြားသည့် ညအပူချိန်

(၂၃-၂-၂၀၀၆)

ဟားခါး

၄ ဒီဂရီစင်တီဂရိတ်

ခေါင်းကြီး၊ ဆောင်းပါး၊ ကဗျာ အညွှန်း

- ***ပြည်တွင်း၊ပြည်ပ အဆိုးမြင်ဝါဒီများက နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းနေမှု၊ တပ်မတော်အစိုးရ၏ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နိုင်ရေး အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ဖော်ဆောင်ပေးနေမှုတို့ကို လျစ်လျူရှုပြီး နိုင်ငံတော်တည်ငြိမ်မှုပျက်ပြားစေရန် နည်းလမ်းအမျိုးမျိုးဖြင့် သွေးထိုးမြှောက်ပင့် နှောင့်ယှက်လျက်ရှိသည်။*** ခေါင်းကြီး (စာမျက်နှာ-၂)
- ***"ရဲကပြည်သူကိုကူညီမယ်၊ ပြည်သူကရဲကိုကူညီမယ်။ ဒီတော့ သချာနည်းကျကျ စဉ်းစားအဖြေထုတ်လိုက်ရင် အဲဒါဟာ ပြည်သူက ပြည်သူကို ကူညီတာဖြစ်တယ်"***
  ထက်ခေါင်၏ **"ပြည်သူကို ကူညီသည့်ရဲ၊ ရဲကိုကူညီသည့် ပြည်သူ"** ဆောင်းပါး (စာမျက်နှာ-၆)
- ဖိုးဝ၏ **"အမြဲစည်းလုံး ဤကျင့်ထုံး"** ကဗျာ (စာမျက်နှာ-၇)